# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၂၈၀)၊ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ ၁၄–၉–၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## ဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းတွင် ဓာတ်အားယူနစ်ပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် AMI စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်အစုအဖွဲ့ဖြင့် Digital Smart Meter များ ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ Digital Smart Meter များ ပြောင်းလဲတပ်ဆင်ဆောင်ရွက်ပေးနေမှု၊ ၆၆/၃၃/၁၁ ကေဗွီ၊ ၃၀ အမ်ဗွီအေ MOGE GIS ဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို ယနေ့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ သို့ ☆





## တနင်္သာရီတိုင်းဒေသကြီး၌ ဆီအုန်း ၄၀၁၆၀၅ ဧကစိုက်ပျိုး စုစုပေါင်းအထွက်နှုန်း တန် ၂၈၆၆၄၀ ထုတ်လုပ်နိုင်

မြိတ် စက်တင်ဘာ ၁၃

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ဆီအုန်း ၄၀၁၆၀၅ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အသီးခူးဧကအနေဖြင့် ၁၇၃၉၂၆ ဧကမှ စုစုပေါင်းအထွက်နှုန်း တန် ၂၈၆၆၄၀ ထုတ်လုပ်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ဆီအုန်းစိုက်ပျိုးအောင်မြင်နိုင်သည့် ရေမြေရာသီဥတု အနေအထားကြောင့် ပြည်တွင်းသာမက ပြည်ပကုမ္ပဏီများက ဆီအုန်းစိုက်ပျိုးမှုတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီး၌ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်ခန့်မှစတင်ကာ ဆီအုန်းစိုက်ပျိုးခဲ့သည်။

စာမျက်နှာ ၃ သို့ ❖

**မန္တလေးမြို့နှင့်အနီး တစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်**

နေပြည်တော် စက်တင်ဘာ ၁၃

နေပြည်တော်နှင့်အနီး တစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

## ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သက်စိုးတောင်ပေါ်ရှိ ကျောက်ရေကန် တက်ရောက်လေ့လာနိုင်

ညောင်ဦး စက်တင်ဘာ ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလေ့လာရေး ရောက်ရှိခဲ့ပါက သဘာဝကိုအခြေခံသည့် တောက်တက်ခရီးစဉ်ပါတက်ရောက်နိုင်ပြီး တုရင်တောင်တန်း၏ တောင်ဘက် သက်စိုးတောင်ပေါ်ရှိ ကျောက်ရေကန်ကို လေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ တာဝန်ရှိသူများထံမှ သိရသည်။

စာမျက်နှာ ၃ သို့ ✣



သက်စိုးတောင်ပေါ် ကျောက်ရေကန်သို့ လာရောက်လေ့လာနေကြသူများကို တွေ့ရစဉ်။



## ကန့်ဘလူမြို့နယ်၌ မိုးစပါးဧကတစ်သိန်းကျော် စိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီရေး ဆောင်ရွက်လျက်ရှိ

ကန့်ဘလူ စက်တင်ဘာ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၏ ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးနှင့် ပြည်တွင်းစားရေရိက္ခာ ဖူလုံစေရေးအတွက် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၃၇၆၃ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ရန် လျာထားစိုက်ပျိုးခဲ့ရာ ယခုအခါ ဧက ၁၀၂၅၅၀ စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၃ သို့ ▲

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ တနင်္လာနေ့။

မန္တလေး

## နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေး ဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit)သွားရောက်ခဲ့ပြီး စက်တင်ဘာ ၁၂ ရက် ညနေပိုင်းတွင် ဆီရမ်ရိပ်မြို့ Siem Reap Angkor အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသည်။

နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဆီရမ်ရိပ်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. PRAK Sophoan နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. CHENG Manith၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာမြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးမင်း၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်ဝင်းနှင့် သံရုံး၊ စစ်သံရုံးမိသားစုဝင်များက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပို့ဆောင်နှုတ်ဆက်စဉ် ကမ္ဘောဒီးယားအမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်းကမ်း၍လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်လေးများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် ပရယ်ဘာတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့၏ ဓာတ်ပုံများနှင့် နှစ်နိုင်ငံအလံငယ်များ ကိုင်ဆောင်ဝှေ့ယမ်း၍လည်းကောင်း ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးညိုစော၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးနှင့်စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲနှင့် အထက်လွှတ်တော် (ဆီးနိတ်) ဥက္ကဋ္ဌ ဆမ်ဒက်ဟွန်ဆင်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး မြန်မာ-ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ကိစ္စရပ်များ၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်ခရီးသွားကဏ္ဍများအပါအဝင် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံရှိ သမိုင်းဝင်အထင်ကရနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများကို ကြည့်ရှုလေ့လာခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## အွန်လိုင်းလောင်းကစားနှင့် မူးယစ်ဆေးဝါး အသိပညာပေးဟောပြော

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၌ အွန်လိုင်းလောင်းကစားနှင့် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မဟာအောင်မြေမြို့နယ်ရဲတပ်ဖွဲ့ အမှတ် (၇) နယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်ဖြိုးဝေက မူခင်းကျဆင်းရေးလုပ်ငန်းများအတွက် ပြည်သူလူထုပူးပေါင်းဆောင်ရွက်နိုင်ရန် ရာဇသတ်ကြီးဥပဒေနှင့်ပတ်သက်သောအကြောင်းရာများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ အကြောင်းအရာများနှင့် Online လောင်းကစား၊ လောင်းကစားများနှင့်ပတ်သက်သော ဥပဒေအကြောင်းအရာများကို တက်ရောက်လာသော ရပ်ကွက်နေပြည်သူများအား ဟောပြောခဲ့သည်။

ဆက်လက်၍ စိန်ပန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစန်းလှိုင်ကလည်း အများပြည်သူများ သိရှိလိုက်နာသင့်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် သိရှိလိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများကို ဟောပြောသည်။

ထို့နောက် တက်ရောက်လာသော ရပ်ကွက်နေပြည်သူများက ဥပဒေနှင့်ပတ်သက်သည့် သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်ဇော်မင်း**

၀-၀-၀-၀-၀

## ဟံမြင့်မိုရ်-မြို့ကြီး-ရှာင်-အောင်ပန်း ကတ္တရာလမ်းအား မူလအကျယ် ၁၈ ပေမှ ၂၄ ပေအထိ ကတ္တရာလမ်း တိုးချဲ့ခင်းပေး

**ကျောက်ဆည် စက်တင်ဘာ ၁၃**

ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အချိန်တိုအတွင်း ကုန်ပစ္စည်းများ လွယ်ကူလျင်မြန်စွာ သယ်ယူနိုင်ရေးအတွက် မြို့နယ်လမ်းဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဟံမြင့်မိုရ်-မြို့ကြီး-ရှာင်-အောင်ပန်း ကတ္တရာလမ်းအား မူလအကျယ် ၁၈ ပေမှ ၂၄ ပေ အထိ ကတ္တရာလမ်း တိုးချဲ့ခင်းပေးလျက်ရှိသည်။

အဆိုပါ ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းများကို မိုင်တိုင်အမှတ် ၁/၆ ဒသမ ၃၂ မှ ၂/၂ ဒသမ ၈၉ အထိ မူလလမ်းအကျယ် ၁၈ ပေအား ၂၄ ပေအကျယ်အထိ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၃၅၈ ဒသမ ၀၀၀ ကျပ်သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းများပြီးစီးပါက ကုန်စည်စီးဆင်းမှုများ ပိုမိုလျင်မြန်လွယ်ကူသွားမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ **(၄၈၅)**

**သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ကံထူးရှင်များ စုပေါင်း၍ သံဃိကဒါနဆွမ်းလောင်းလှူပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၃**

ရတနာသိန်းထိုက်အောင် ထီဆိုင်ကြီးနှင့် အကြိမ်(၉၀) မြောက် သိန်းသုံးထောင်ကံထူးရှင်များစုပေါင်း၍ သံဃိကဒါနဆွမ်းလောင်းလှူပွဲကို ယနေ့နံနက် ၅ နာရီက မန္တလေးမြို့၊ ၄၂ လမ်းနှင့် ၈၂ လမ်းထောင့်ရှိ အဆိုပါထီဆိုင်ရှေ့၌ ကျင်းပသည်။ **(ယာပုံ)**



ဆွမ်းလောင်းလှူရာတွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ရဟန်းသာမဏေ အပါး ၅၀၀ ကျော်တို့အား ထီဆိုင်ဝန်ထမ်းများနှင့် ကံထူးရှင်များက ဆွမ်းဘောဇဉ်များဖြင့် လောင်းလှူကြသည်။

အဆိုပါထီဆိုင်ကြီးမှ အကြိမ်(၉၀)မြောက် အောင်ဘာလေထီဖွင့်ပွဲတွင် သိန်း ၃၀၀၀ ကံထူးရှင် ထ-၇၄၆၄၁၀ ဖြင့် ဦးအောင်(မန္တလေးမြို့)မှလည်းကောင်း၊ သိန်း ၅၀၀ကံထူးရှင် ပ-၈၁၄၂၂၇ ဖြင့် ရှိန်းထက်(မန္တလေးမြို့)မှ င-၄၂၆၀၆၂ ဖြင့်လည်းကောင်း အခြားဆုမဲပေါင်းများစွာဖြင့် ကျပ်သိန်းတစ်သောင်းကျော် ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။**(ကဆ)**

## (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မဟာအောင်မြေခရိုင်ရဲတပ်ဖွဲ့မှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၃**

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ (၁)ရက်တွင်ကျရောက်မည့် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မဟာအောင်မြေ ခရိုင်ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းလုပ်ငန်းများဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အမှတ်(၂၆) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ဆောင်ရွက်ခဲ့သည်။ **(ဓါတ်ပုံ)**



စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာ၌ မဟာအောင်မြေ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝဏ္ဏအောင် ဦးစီး၍ အရာရှိ ၁၅ ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၃၈ ဦး၊ စာရေးဝန်ထမ်း ငါးဦး၊ မိသားစုဝင် ၁၆ ဦးနှင့် ချမ်းမြသာစည်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကိုကိုသန်း ဦးစီး၍ အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၂၁ ဦးတို့က ကျောင်းဥပတိရုပ်ကောင်းမွန်ရေးနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် ပေါင်းမြက်များ၊ ချုံနွယ်များ၊ အမှိုက်များ၊ သစ်ရွက်ခြောက်များအား ဖယ်ရှားရှင်းလင်းသန့်ရှင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)*

---

✣ ရှေ့ဖုံးမှ

တောင်ပေါ်မှာက သိမ်းငှက်၊ ချိုး၊ ယုန်၊ ကြောင်၊ဘုတ်ငှက်၊ချိုးလင်းပြာ၊ချိုးလည်ပြောက်၊ငှက်ခါး၊ပိန်ညင်းစသည့် ကျေးငှက်သတ္တဝါများ ပေါများခြင်းကလည်း ငှက်ကြည့်ဝါသနာရှင်များပါ တက်ရောက်လေ့လာသင့်သည့် ကျောက်ရေကန်ခရီးစဉ်ဖြစ်သည်။ ဒေသပေါက်ပင်များဖြစ်သည့် ထနောင်း၊ရှား၊ရှားစောင်း၊သမုန်း၊တမာ၊ထန်းပေါက်၊ နွားမဆေး၊ ဒဟတ်၊ သန်းပင်များကို ကျောက်ရေကန်သွားလမ်းတစ်လျှောက်၌ တွေ့ရှိနိုင်သည်။

ကျောက်ရေကန်ထဲ၌ QR ကုတ်နှင့်တူသည့်အမှတ်အသား နံရံမှာ ရေးထိုးထားသည်ကို တွေ့ရှိနိုင်သည်။ ငါးရုပ်၊ နဂါးရုပ်၊ မိကျောင်းရုပ်၊ ဟင်္သာရုပ်တို့ပါပြီး ကျောက်နံရံမှာ ပန်းချီပုံစံ ကျောက်ထွင်းပြီး ရေးထားသည်များကိုလည်း တွေ့ရှိလေ့လာနိုင်သည်။

ညောင်ဦးမြို့မှ တုရင်တောင်သို့ ၁ မိုင် ၇ ဖာလုံ ကွာဝေးပြီး တုရင်တောင်ပေါ် ဘုန်းကြီးကျောင်းရှေ့မှ စတင်ကာ မိနစ် ၃၀ (သို့မဟုတ်) ၂၅ မိနစ်ခန့် တောင်တက်ခရီးစဉ်ဖြစ်သည်။ ကျောက်ရေကန်သည် အလျားပေ ၈၀၊ အနံ ပေ ၈၀၊ အနက် ပေ ၃၀ခန့် ရှိ၍ အလွန်ထူးခြားသည့် ရေကန်တစ်ခုဖြစ်သည်။ အဆိုပါကျောက်ရေကန်၏တောင်ဘက်တွင် မြကန်နှင့် အနောက်တောင်ဘက်တွင် ရှေးဟောင်းမြို့တော် ပုဂံပြည်၏စေတီပုထိုးများ၊ ဧရာဝတီမြစ်နှင့် တန့်ကြည့်တောင်၏ တောင်စဉ်တောင်တန်းများသည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များအား တစ်မူထူးခြားစွာ ဆွဲဆောင်နေသော ခရီးစဉ်သစ်တစ်ခုဖြစ်ကြောင်း သိရသည်။





သက်စိုးတောင်ပေါ်ရှိ ကျောက်ရေကန်သို့ လာရောက်လေ့လာနေကြသူများကို တွေ့ရစဉ်။

သမိုင်းပညာရှင်အချို့က ၎င်းကျောက်ရေကန်သည် ပုဂံမင်းနေပြည်တော်သို့ ချီတက်လာမည့်အရပ်လေးမျက်နှာမှ ရန်သူများကို တိုက်ခိုက်ရန်အတွက် ရှေ့တန်းတပ်စခန်းတစ်ခုဖြစ်ပြီး စစ်ရေးအရ အလွန်အရေးကြီးသည့် ဆင်တပ်၊ မြင်းတပ်များ စခန်းချရာ တပ်စခန်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်ဟု သိရသည်။သက်လူမျိုးများနေထိုင်သည့် တောင်တစ်ခုဖြစ်၍ ၎င်းတောင်ကို သက်စိုးတောင်ဟုလည်း ခေါ်ကြောင်း သိရသည်။

ဒီပါလင်း

---

☆ ဓာတ်အားခွဲရုံမှ

ထို့အတူ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း၊ သာကေတမြို့နယ် လျှပ်စစ်မန်နေဂျာရုံးကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယမန်နေ့ကလည်း ပဲခူးတိုင်းဒေသကြီး(အရှေ့) တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးရှိ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် နှစ်အလိုက်တိုးတက်လာမည့် ဓာတ်အားသုံးစွဲလိုသူများအား ဓာတ်အားဖြန့်ဖြူးပေးရာတွင် အရည်အသွေးပြည့်မီသော ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ထုတ်လုပ်/ပို့လွှတ်/ဖြန့်ဖြူးရေးဌာနများ အားလုံးပူးပေါင်း၍ ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ညနေပိုင်းတွင် လှည်းကူးမြို့နယ် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုးရေးရှင်း၏ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ (၁)မိုင် GIS ဓာတ်အားခွဲရုံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

❖ ရှေ့ဖုံးမှ

မြန်မာတစ်နိုင်ငံလုံးတွင် ဆီအုန်းစိုက်ပျိုးခြင်းကို တနင်္သာရီတိုင်းဒေသကြီးတွင်သာ စိုက်ပျိုးထားနိုင်ပြီး အများပြည်သူစားသုံးနိုင်သည့် ဆီထုတ်လုပ်မှု မပြုလုပ်နိုင်သေးကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းစိုက်ကေလေးသိန်းကျော် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး အများပြည်သူစားသုံးနိုင်မည့် ကျန်းမာရေးနှင့် ညီညွတ်သည့် စားသုံးဆီရရှိရန် ဆီချောစက်ရုံတစ်ခုကို တနင်္သာရီတိုင်းဒေသကြီးတွင် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေသည်။

"မြန်မာနိုင်ငံမှာ ဆီအုန်းကို တနင်္သာရီတိုင်းဒေသကြီး တစ်ခုတည်းမှာသာ စိုက်ပျိုးဖြစ်ထွန်းပါတယ်။ ဒီသီးနှံက အီကွေတာရဲ့ တောင်နဲ့မြောက်လတ္တီ ၁၀°C အတွင်း ကောင်းစွာဖြစ်ထွန်းတဲ့အတွက် မြန်မာပြည်တောင်ပိုင်းဖြစ်တဲ့ မြိတ်၊ ကော့သောင်း ဒေသတွေမှာ ဧကအမြောက်အမြားကို စီးပွားဖြစ်စိုက်ပျိုးထားပါတယ်" ဟု တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

### စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့

ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု အနေဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဆီအုန်းစိုက်ဧက ၃၉၆၃၉၅ ဧက၊ အသီးခူးဧက ၁၇၈၂၃၈ ဧကနှင့် တစ်ဧကအထွက်နှုန်း ၃ ဒသမ ၄၇ တန် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည်။

ဒေသခံတောင်သူများနှင့် ကုမ္ပဏီများမှ ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းကို ထိထိရောက်ရောက်စိုက်ပျိုးလုပ်ကိုင်ပါက ဆီအုန်းစတင်စိုက်ပျိုးသည့်အချိန်မှစ၍ နောက်ငါးနှစ်လောက်ကြာသည့်အခါတွင် စီးပွားဖြစ်ဆွတ်ခူးနိုင်မည်ဖြစ်ပြီး နောက်ထပ်နှစ်ပေါင်း (၂၀) ကျော်ကြာသည်အထိ ဆီသီးခိုင်များ ထုတ်လုပ်နိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ဆီကြိတ်စက်ရုံများ လက်ရှိလည်ပတ်နေမှုမှာ ထားဝယ်ခရိုင်တွင် တစ်ခု၊ ဘုတ်ပြင်းခရိုင်တွင် နှစ်ခုနှင့် ကော့သောင်းခရိုင်တွင်နှစ်ခု စုစုပေါင်း ဆီကြိတ်စက်ရုံငါးခုရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင့်ဦး(မြိတ်)

■

---

▲ ကန့်ဘလူမြို့နယ်မှ

အဆိုပါမိုးစပါးများကို ဇွန်လလယ်မှ စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်၊ ရာသီဥတုရေမြေဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးလာစေရန် ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်သုံးစွဲနိုင်ရေးရည်မှန်းချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကန့်ဘလူမြို့နယ်၌ မိုးစပါးလျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်သက်ဆိုင်ရာ ဌာနဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စပါးမျိုးများအဖြစ် ဆင်းသုခ၊ ရွှေသွယ်ရင်၊ ရောမင်း၊ မနောသုခ၊ ပေါ်ဆန်းနှင့် အောင်နိုင်တိုး စသည့် စပါးမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။



ကန့်ဘလူမြို့နယ်၌ မိုးစပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

---

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၃

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အကြိမ် (၂၀)မြောက် ဘွဲ့ယူစွမ်းရည်ပြ ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် စင်တင်တင်ဆက်

မန္တလေး စက်တင်ဘာ ၁၃

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အကြိမ်(၂၀)မြောက် ဘွဲ့ယူစွမ်းရည်ပြပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ် စင်တင်တင်ဆက်ပွဲကို ယနေ့တွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အဆိုပါ ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲတွင် ပန်းချီပညာဌာနမှ ပညာဆည်းပူးခဲ့ကြသည့် စတုတ္ထနှစ်မှ ကျောင်းသား ကျောင်းသူများ၊ ဘွဲ့လွန်အနုပညာဒီပလိုမာတန်းမှ ကျောင်းသား ကျောင်းသူများနှင့် မဟာဝိဇ္ဇာတန်းမှ ကျောင်းသား ကျောင်းသူများက ဆီဆေး၊ ရေဆေး၊ Acrylic တို့ဖြင့် ရေးဆွဲထားသည့် ပန်းချီလက်ရာမွန်များ၊ ပန်းပုပညာဌာနတွင် ပညာဆည်းပူးခဲ့သည့် စတုတ္ထနှစ်နှင့် ဘွဲ့လွန်အနုပညာဒီပလိုမာတန်းမှ ကျောင်းသားများက ဖိုက်ဘာ၊ ပလာစတာ၊ သစ်သားတို့ဖြင့် ပုံဖော်ထုဆစ်ထားသည့် ပန်းပုလက်ရာမွန်များကို ပြသထားသည်။

အဆိုပါ ပန်းချီ၊ ပန်းပုလက်ရာမွန်များကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာနများမှ ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြတင်ဆက်မှု အစီအစဉ် ကျင်းပရာ ဒုတိယဝန်ကြီးက အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ကို ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ် အထူးပြုဘာသာငါးခုကို စာပေပညာရပ်နှင့် တွဲဖက်သင်ကြားပေး လျက်ရှိကြောင်း၊ ကျောင်းဆင်း ဘွဲ့ယူကြမည့် ကျောင်းသား ကျောင်းသူများသည် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက် ကာကွယ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားကာ တက်ရောက်လာကြသူများနှင့်အတူ ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ် ပညာရပ်များကို သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ၏ တင်ဆက်မှုများကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရောဝတီတိုင်းဒေသကြီးအတွင်း ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်းရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်း၊ တံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ငဝန်တာနိမ့်ကျမှုအပေါ် ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်

ပုသိမ် စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ငဝန်တာတမံနိမ့်ကျမှု ဖြစ်ပေါ်ခဲ့မှုအပေါ် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းနှင့် ရေဝင်လမ်းကြောင်းပိတ်ဆို့ကာကွယ်နိုင်ရေးလုပ်ငန်းများကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ရေဝင်လမ်းကြောင်း ပိတ်ဆို့နိုင်ရေးအတွက် ရေဝင်ပေါက်တစ်လျှောက် ကြမ်းပြင်မြင့်တက်စေရန် Geo Bag/Geo Tube များကို စက်ရေယာဉ်ဖြင့်ချခြင်း၊ Sheet Pile ရိုက်ပြီးသည့် အပိုင်းအား ခိုင်ခံ့မှုမြှင့်တင်ရန် မြစ်ဘက်ခြမ်းနှင့် ကုန်းဘက်ခြမ်းတို့တွင် ကရိန်းဖြင့် Geo Bag, Jumbo Bag, Geo Tube ကျောက်ခြင်းချခြင်း၊ သဲအိတ်တွဲများချခြင်း၊ ကမ်းရင်းတာနှင့် Sheet Pile ကြားတွင် သဲမှုတ်ဖြည့်ခြင်း၊ Sheet Pile ၏ ထောက်တန်းနှင့် ထောက်တိုင်များ ဆောင်ရွက်ခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လာရောက်လှူဒါန်း

နံနက်ပိုင်းတွင်လည်း ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနရိပ်သာတွင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် ဝိသာခါဖောင်ဒေးရှင်းမှ ဆန်၊ ဆီ၊ ဆပ်ပြာ၊ တာပေါ်လင်မိုးကာ၊ လက်ဖက်နှင့် အိမ်သုံးပစ္စည်းများကိုလည်းကောင်း၊ ဦးထွန်းသိန်း-ဒေါ်စန်းရီ စက်သုံးဆီရောင်းဝယ်ရေးနှင့် မြန်မာထမင်းဆိုင် မိသားစုက အလှူငွေကျပ်သိန်း ၅၀၀ ကို လည်းကောင်း လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆) နှင့် (၁၁/၇) ကြား နေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားသဖြင့် ဆည်မြောင်းတာအိပ်ပဲ့ကျမှုဖြစ်ပွားခဲ့သည်။



ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာတွင်း ရေလမ်းသောင်တူး လုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကိုပြန်လည်ပြုပြင်သုံးစွဲစို့။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၁၃**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ဖောင်းပြင်တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများ အား တက်ရောက်လာကြသူများ က အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ ပန်းဖွားအကာအလှ ဖြင့်လည်းကောင်း၊ သောင်းသောင်း ဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



# မိုးသီးနှံစိုက်ပျိုးရာသီတွင် ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်းမှ သီးနှံစုံ ဧက ၉၇၀ လျာထား စိုက်ပျိုး

**မင်းဘူး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)လက်အောက်ရှိ ကျောက်စံ 215KW ဆိုလာဓာတ်အားပေးစနစ် လျှပ်စစ်ရေတင်လုပ်ငန်းမှ ဒေသခံတောင်သူများအတွက် မိုးသီးနှံ သီးနှံစုံ ဧက ၉၇၀ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရာတွင် မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဇွန် ၂၆ ရက်မှစ၍ စိုက်ပျိုးရေများ ပေးဝေဖြန့်ဖြူးလျက်ရှိပြီး ခရိုင်နှင့် မြို့နယ်တာဝန်ခံအရာရှိများက အနီးကပ်ကြီးကြပ်၍ ကျောက်စံရေတင် စီမံကိန်း ဧရိယာအတွင်းရှိ ဒေသခံတောင်သူများ သီးနှံ စိုက်ပျိုးချိန် စိုက်ပျိုးရေရရှိရေး အတွက် စနစ်တကျ ဖြန့်ဖြူး ပေးဝေလျက်ရှိသည်။

ယခုနှစ်စိုက်ပျိုးရာသီတွင် လျှပ်စစ်ရေတင်လုပ်ငန်း ဧရိယာအတွင်း အကျိုးပြုဧရိယာ ဧကပေါင်း ၉၇၀ ရှိသည့်အနက် မိုးစပါး ဧက ၅၄၀၊ နှမ်းဧက ၅၀၊ ပဲတီစိမ်း ၉၅ ဧက၊ ပဲစင်းငုံ ၃၅ ဧက၊ ဖူးစားပြောင်း ၄၅ ဧက အခြားသီးနှံ ၂၁၅ ဧကကို လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ဧကပေါင်း ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးသွားပြီဖြစ်၍ လျှပ်စစ်ရေတင်လုပ်ငန်း စီမံကိန်းဧရိယာတွင် လာမည့် စိုက်ပျိုးရာသီများတွင်လည်း လျာထားဧကများ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်စေရေး အတွက် သက်ဆိုင်ရာဌာနများ၊ ဒေသခံ တောင်သူများနှင့်အတူ ပူးပေါင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(၅၀၄)**





• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။




# စဉ့်ကူးမြို့၌ သမိုင်းဝင်ရွှေမုဋ္ဌော ဘုရားပွဲတော်ကျင်းပနိုင်ရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စဉ့်ကူး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်တွင် သမိုင်းဝင် ရွှေမုဋ္ဌောဘုရားပွဲတော်ကို စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ ဘုရားပွဲတော်ကျင်းပနိုင်ရေး စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၇ နာရီက စဉ့်ကူးမြို့၊ အမှတ်(၁)ရပ်ကွက်ရှိ ရွှေမုဋ္ဌောဘုရား ပုရဝဏ်တွင် ပြုလုပ်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်း နှင့် အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော အဖွဲ့တို့က ရွှေမုဋ္ဌောဘုရား၏ ဘုရားစေတီတော်မြတ်၊ ဘုရားရင်ပြင်တော်နှင့် ကဇာတ်ရုံတို့ကို သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ဘုရားပုရဝဏ်အတွင်း၊ အပြင်တို့တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ မြက်ပင်များ ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**တင်စာလွင်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ် ညောင်ပင်သာကျေးရွာ၌ (VDP) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း ပြုလုပ်

**ပွင့်ဖြူ စက်တင်ဘာ ၁၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖလံတောကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဋ္ဌေးမောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကြောင်းအရာများ၊ စီမံကိန်းတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း လက်စွဲစာစောင်ပါ ကော်မတီဝင်ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များ၊ ကျေးရွာသူ၊ ကျေးရွာသားများမှ ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့် အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ညောင်ပင်သာကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

**(၄၄၅)**

၀-၀-၀-၀

၀-၀-၀-၀-၀

# အမရပူရမြို့နယ်၌ ဌာနဆိုင်ရာများနှင့် ပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ စစ်ကိုင်း -မန္တလေးလမ်းဘေးရှိ ဆောင်းဒါးရက်ကန်းကျောင်းအတွင်း၌ စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် အမရပူရခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်မြေစာရင်း၊ ခရိုင်တရားရုံး၊ ခရိုင်သစ်တောရုံး၊ ခရိုင်ငါးလုပ်ငန်း၊ ခရိုင်ပညာရေး၊ အမရပူရမြို့နယ်ရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ ဥပဒေရုံး၊ လဝက၊ မီးသတ်၊ မြို့နယ်ကျန်းမာရေးဌာနအပါအဝင် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လေးစုရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၃၀ ဦး ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းသန့်ဇင်မျိုးတို့က လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းနှင့် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကိုအောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၅)**

၀-၀-၀-၀

## လူကုန်ကူးမှုတိုက်ဖျက်ရေးအသိပညာပေးဟောပြောပွဲနှင့် ပြပွဲဆောင်ရွက်



**မြို့သစ် စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ လူကုန်ကူးမှု အန္တရာယ်နှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရန်အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက တပ်ကုန်းကျေးရွာအုပ်စု၊ တပ်ကုန်း(မ)ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိစွန်က မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ဖြစ်ပေါ်လာသည့်အကြောင်းအရင်း၊ လူကုန်ကူးမှု၏ အဓိပ္ပာယ်၊ လူကုန်ကူးမှုခံရသည့်အကြောင်းအရင်း၊ လူကုန်ကူးမှုမခံရအောင် သတိပြုရှောင်ကြဉ်ရမည့်အချက်များနှင့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်နှင့် မှတ်တမ်းဓာတ်ပုံများပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝင်းအိစွန်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ဇေယျမင်္ဂလာ ရွှေအင်းတောင် စေတီတော်မြတ်ကြီး၏ (အဋ္ဌမအကြိမ်)လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**တောင်တွင်းကြီး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ (အဋ္ဌမအကြိမ်) လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီက ဘုရားကြီးဝင်းအတွင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆိုကန်တော့၍ နယ်မြေခံတပ်မှူး ဗိုလ်မှူးကြီး ဇော်လင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစံသိန်းက ဘုရားကြီးအားလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မည့် အစီအစဉ်များ၊ လက်ရှိဘုရားကြီး၏အလှူတော်ရရှိငွေ၊ လိုအပ်လျက်ရှိသော အလှူတော်ငွေရရှိရေးနှင့် လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအား ချပြရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်သိန်းနှင့် ဦးလှမ်းမိုးထက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘုရားကြီး၏ဂေါပကအဖွဲ့ဝင်များနှင့် မြို့မိ၊ မြို့ဖများက တစ်ဦးချင်းဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဦးမျိုး(ဗိသုနိုးမြေ)

## ပျဉ်းမနားမြို့နယ်၊ ငကောင်းကံကျေးရွာ၌ ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပျဉ်းမနား စက်တင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငကောင်းကံကျေးရွာအုပ်စု၊ ငကောင်းကံကျေးရွာ၌ ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ငကောင်းကံကျေးရွာ သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျဉ်းမနားမြို့နယ်၊ ငကောင်းကံကျေးရွာ၌ ရေရရှိရေးအတွက် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် ဆက်စပ် လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကောင်စီ ခွင့်ပြုရန်ပုံငွေကျပ် ၇၅ ဒသမ ၂၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် Tiger Diamond ကုမ္ပဏီက ၂၀၂၆ ခုနှစ် ဩဂုတ်လ တတိယပတ်မှစ၍ လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

သံသာ(ကျေးလက်)





## ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မိတ္ထီလာ စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးကို ယနေ့ နံနက် ၆ နာရီက ပေါက်ချောင်းရပ်ကွက်ရှိ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး အတွင်း၌ ဆောင်ရွက်ခဲ့သည်။

မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး စန်းနိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်တို့က အနီးကပ်ကြီးကြပ်ကွပ်ကဲ၍ ခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ အမှတ်(၃၆)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(မိတ္ထီလာ)မှတပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ခွဲ (မိတ္ထီလာ)မှ တပ်ဖွဲ့ဝင်များက ပေါက်ချောင်းရပ်ကွက်ရှိ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအတွင်းရှိ မြက်ပင်များ၊ နွယ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များကောက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၆၉)

## အရန်သားဖွား ဆရာမများအား ခြောက်လသင်တန်းဖွင့်



**ချောက် စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ အရန်သားဖွား ဆရာမများအား ခြောက်လ သင်တန်းဖွင့်လှစ်ခြင်းကို လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ မိခင်နှင့်ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာန ဌာနမှူး ဒေါက်တာ မျိုးသက်ဦးက အမှာစကားပြောကြားသည်။ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာမကြီး ဒေါ်မြင့်မြင့်ခင်က မိခင်နှင့်ကလေး အရန်သားဖွားဆရာမများနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်စောနန်းထွေးက အရန်သားဖွားဆရာမများအား သားဖွားခြင်း အတတ်ပညာကျွမ်းကျင်စေရန် ဆောင်ရွက်ရမည့်လုပ်ငန်းအကြောင်းတို့ကို ရှင်းလင်းခဲ့ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ကျော်မိုး(ပြန်/ဆက်)

## ကျွန်းလှမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်

**ကျွန်းလှ စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက် နံနက် ၇ နာရီက မြို့မရုံးဦးဘုန်းတော်ကြီးကျောင်းတိုက်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ရာ ကျွန်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးဇော်သူ ကြီးကြပ်၍ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းမင်းထွန်း ဦးဆောင်သော အရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများ၊ မိသားစုဝင်များ စုစုပေါင်း အင်အား ၃၅ ဦးဖြင့် ဘုန်းတော်ကြီးကျောင်းတိုက်ရှိ အမှိုက်များ၊ မြက်များ၊ ချုံနွယ်များ၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

(၄၈၀)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Kim Jisoo က Madame Figaro Rising Star ဆုရ

ဘလက်ပင့်ခ်အဖွဲ့ခေါင်းဆောင် ဂျီဆူ(ခေါ်)ကင်ဂျီဆူသည် ပြင်သစ်နိုင်ငံတွင် ကျင်းပခဲ့သည့် တစ်ကမ္ဘာလုံးဆိုင်ရာ နိုင်ငံတကာ ရုပ်သံဇာတ်လမ်းတွဲဆုပေးပွဲတွင် အာရှတိုက်၏ ပထမဆုံးအနုပညာရှင်အဖြစ် Madame Figaro Rising Star ဆုနှင့် သမိုင်းမှတ်တိုင်သစ်ရေးထိုးခဲ့ကြောင်း ကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါဆုပေးပွဲတွင် ရရှိခဲ့သော ဆုများသည် ပြင်သစ်နိုင်ငံ၏ နာမည်ကြီး Madame Figaro မဂ္ဂဇင်းမှ စိစစ်ရွေးချယ်ကာ ရုပ်သံဇာတ်လမ်းတွဲလောကတွင် အရည်အချင်းရှိပြီး အလားအလာကောင်းသည့် တက်သစ်စမင်းသမီးများကို ရွေးချယ်ချီးမြှင့်ပေးအပ်သည့်ဆုဖြစ်သည်။

ဂျီဆူ ပါဝင်ခဲ့သည် Snow Drop မှာ ပွဲဦးထွက်လုပခဲ့ပြီး နောက်ဆုံးထွက်ရှိထားသည့် Boyfriend On Demand ရုပ်သံတွင်လည်း ချီးကျူးခံရကာ Boyfriend Asian Actress, First Korean Actress, First Kpop Actress မှတ်တိုင်ကြီး သုံးခုကို တစ်ပြိုင်နက် ရေးထိုးနိုင်ခဲ့ခြင်း ဖြစ်သည်။(SKY)

## Wang Yibo နှင့် တရုတ်အနုပညာရှင်များ တိဘက်ရေဘေးလှူဒါန်း

တိဘက်ရေဘေးသင့်ပြည်သူများအတွက် တရုတ်ထိပ်တန်း အနုပညာရှင်များက စုပေါင်းလှူဒါန်းမှုပြုလုပ်ခဲ့ရာ Wang Yibo နှင့် Xiao Zhan တို့ ထိပ်ဆုံးစာရင်းတွင် ပါဝင်ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါလှူဒါန်းမှုတွင် တရုတ်ထိပ်တန်းအနုပညာရှင်များ ဖြစ်ကြသည့် Wang Yibo, Xiao Zhan, ဒီလ်ရာဘာဒီမူရတ်၊ လောင်ယန်ရှီး အပါအဝင် အနုပညာရှင်မင်းသား၊ မင်းသမီးများ စုပေါင်း၍ လှူဒါန်းမှု ပြုလုပ်ခဲ့ကြသည်။

Wang Yibo သည် နီပေါရေဘေးအတွက်လည်း ယွမ်သိန်းနှင့်ချီ၍ လှူဒါန်းထားပြီး တိဘက်ရေဘေးဒုက္ခသည်များအတွက်လည်း ထိပ်တန်းအနုပညာရှင်များနှင့် စုပေါင်းလှူဒါန်းမှုပြုလုပ်ထား၍ ပရိသတ် ဂုဏ်ယူမဆုံးဖြစ်နေကြသည်။

၂၀၂၆ခုနှစ် အကျော်ကြားဆုံး တရုတ်ဒရာမာမင်းသားများစာရင်းတွင် Xiao Zhan ၊ ကျန့်လင်ဟီး၊ ဒါလန်ဝေါင်၊ ဆောင်ဝီလောင်၊ Wang Yibo ၊ ယောင်ယောင်၊ လောင်ရန်ရှီး၊ နီရိုဟူ၊ လျူရှနင်းဆယ်ဦးအနက် နံပါတ်(၅)နေရာ ရရှိထားသော Wang Yibo သည် လူမှုရေးလုပ်ငန်းများနှင့် ပရဟိတလုပ်ငန်းများ၊ အလှူအတန်းရက်ရောမှုများတွင် ထိပ်ဆုံးနေရာ ပိုင်ဆိုင်ထားသော ဘက်စုံစွယ်စုံရအနုပညာရှင်တစ်ဦး ဖြစ်သည်။(SKY)





## Blue Tower မင်းသား Lee Yong-joo နှလုံးရပ်၍ ကွယ်လွန်

အသက်(၄၄)နှစ်ရှိ Blue Tower မင်းသား Lee Yong-joo မှာ လွန်ခဲ့သော လကုန်ရက်က နှလုံးရပ်၍ ကွယ်လွန်သွားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Lee Yong-joo ရုတ်တရက် သေဆုံးမှုအပေါ် ပရိသတ်များကြား ယုံရခက်နေဆဲဖြစ်ပြီး Blue Tower နှင့် Princess Hours ဇာတ်လမ်းတွဲတွင် ပါဝင်ခဲ့၍ ပရိသတ် ရရှိထားသည်။ ၂၀၂၆ခုနှစ် အစောပိုင်းကာလတွင် Youtube အစီအစဉ်တစ်ခု၌ ပါဝင်၍ နှလုံးနှင့် ပတ်သက်သည့် ကျန်းမာရေးပြဿနာရှိကြောင်း ပြောကြားခဲ့ကာ စစ်မှုထမ်းတာဝန်မှ ကင်းလွတ်ခွင့်ရကြောင်းပါ ပြောကြားသွားခဲ့သည်။

ကိုရီးယားမီဒီယာများ၏ ဖော်ပြချက်အရ Lee Yong-joo သည် နှလုံးကြွက်သား ပုံမှန်ထက် ထူလာသည့် ရောဂါရှိခဲ့ပြီး သေဆုံးမှုနှင့် တိုက်ရိုက်ဆက်နွှယ်မှုရှိသည်ဟု အတည်ပြုထားသည်။ မင်းသားမဖြစ်မီ မော်ဒယ်နှင့် အနုပညာလောကသို့ ဝင်ရောက်ခဲ့ကာ ၂၀၀၄ ခုနှစ်တွင် ဇာတ်ပို့အဖြစ်မှ မင်းသားဖြစ်လာခဲ့သည်။ ရုပ်သံဇာတ်လမ်းတွဲများစွာတွင် ပါဝင်ခဲ့ပြီး Blue Tower နှင့် ပရိသတ်အားပေးမှုရရှိထားရာမှ အသက်(၄၄)နှစ်တွင် ကြွေလွင့်သွားခဲ့သည်။ (SKY)

## Spirit အိန္ဒိယ-ကိုရီးယား အက်ရှင်ဒရမ်မာဇာတ်ကား

ဘောလိဝုဒ်အနုပညာရှင် ဘာဟူဘာလီမင်းသား ပရာဘတ်စ်နှင့် ကိုရီးယားထိပ်တန်းသရုပ်ဆောင် မာဒုံဆော့တို့ ပါဝင်ထားသည့် Spirit မှာ အိန္ဒိယ-ကိုရီးယားအက်ရှင်ဒရမ်မာဇာတ်ကားကြီးဖြစ်ကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် လူ့ဘဝကို မာနနှင့်အာဏာသုံးပြီး လမ်းကြောင်းမမှန်သွားသည့် လူတစ်ယောက်၊ မိမိဆုံးဖြတ်ချက်နှင့် အန္တရာယ်ကြီးထဲ ဝင်ရောက်သွားပုံကို ရိုက်ကူးထားသည်။

သူ့ဘဝတွင် ရန်သူများ၊ လှည့်စားမှုများ၊ သစ္စာဖောက်မှုများ ဆက်တိုက်ဝင်လာ၍ ယုံကြည်မှုကင်းမဲ့လာရာမှ အတိတ်က လျှို့ဝှက်ချက်များပေါ်လာ၍ နောက်ဆုံးတွင် မိမိဆုံးဖြတ်ချက်နှင့် ရွေးချယ်ခဲ့သည့်လမ်းကြောင်းအတွက် တန်ဖိုးကြီးပေးဆပ်မှုနှင့် အတူ အမှန်တရားကို ရင်ဆိုင်ရပုံအကြောင်း အက်ရှင်ဒရမ်မာအဖြစ် တင်ဆက်ထားသည်။ ဘာဟူဘာလီမင်းသား ပရာဘတ်စ်နှင့် မာဒုံဆော့တို့ နှစ်ဦးကို အတူတွဲမြင်တွေ့ကြရသဖြင့် ပရိသတ်အားပေးမှုတစ်ခဲနက် ရရှိထားသည်။ (SKY)



## Byeon Woo Seok ခေတ်သစ်နန်းတွင်းဝတ်စုံနှင့် ရေပန်းစားလာ

အမ်ဘီစီ၏ Romance Conedy ဇာတ်လမ်းတွဲသစ် Perfect Crown တွင် တော်ဝင်မင်းသားအဖြစ် ဗြောင်းဝူဆွတ်ကို ခေတ်သစ်နန်းတွင်းဝတ်စုံနှင့် မြင်တွေ့ရ၍ ပရိသတ်ကြား ရေပန်းစားနေကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ဗြောင်းဝူဆွတ်က တော်ဝင်မျိုးနွယ်မင်းသားလေးအဖြစ် ပါဝင်ထားပြီး သူ့အရုပ်နှင့် လိုက်ဖက်သော ခေတ်သစ်နန်းတွင်းဝတ်စုံနှင့် ခန့်ညားစွာ မြင်တွေ့ရမည်ဖြစ်သည်။

အဆိုတော်၊ သရုပ်ဆောင် အိုင်ယူ(ခေါ်)လီဂျီအွန်းနှင့် တွဲ၍ လိုက်ဖက်ညီစွာ ဇာတ်အိမ်ထူးခြားစွာနှင့် ဆွဲဆောင်မှုရှိပြီး ဧပြီ ၁၀ ရက်တွင် ထွက်ရှိခဲ့ရာ ပရိသတ်ကြား ဝတ်စုံနှင့် လိုက်ဖက်နေ၍ ရေပန်းစားခဲ့သည်။ (SKY)

## Subedaar ရုပ်ရှင်တွင် Anil Kapoor ပါဝင်

ဟင်ဒီအက်ရှင်ဇာတ်ကား Subedaar တွင် ဝါရင့်ဘောလိဝုဒ်မင်းသားကြီး အနီးလ်ကပူးလ် ပါဝင်သရုပ်ဆောင်ထား၍ ပရိသတ် အားပေးမှုမြင့်မားစွာရရှိကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ ဇာတ်ကားတွင် စော်ကားခြင်းမခံနိုင်သည့် သက်တော်စောင့်စစ်ပြန်ကြီးတစ်ဦး၏ အကြောင်း ရိုက်ကူးတင်ဆက်ထားသည်။

တိုင်းပြည်တာဝန်ကို (၂၅) နှစ်တိုင်တိုင် နယ်စပ်ဒေသတွင် ထမ်းဆောင်ခဲ့ပြီး ပြန်လာချိန်တွင် ဇနီးကွယ်လွန်၍ သမီးဖြစ်သူနှင့် အတူ မတည့်အတူနေခဲ့သည်။

သက်တော်စောင့်အလုပ်ဝင်ရာမှ အလုပ်ရှင်၏မောက်မာမှု၊ ယုတ်မာမှုတို့ကြောင့် အလုပ်ထွက်ခဲ့ပြီးနောက် စိတ်ထိန်းကာ ရန်ပွဲများကို ရှောင်ခဲ့သော်လည်း ရန်စ အန္တရာယ်ကို ရှောင်တိမ်းမရသည့်အခါ တတ်သည့်ပညာမနေသာနှင့် အက်ရှင်ဇာတ်ကြမ်းကြီး ဖြစ်ခဲ့တော့သည်။ (SKY)



## ဓာတ်တိုးဆန့်ကျင်ပစ္စည်း အစားအစာစားသုံးသည့်အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားနှုန်း သိသိသာသာ လျော့နည်း

သားအိမ်ခေါင်းကင်ဆာရောဂါရှာဖွေတွေ့ရှိမှု အများစုသည် လူ့ပါပီလိုမာဗိုင်းရပ်စ် (အိတ်ချ်ပီဗီ) အမျိုးအစားအစုအဝေးတွင် အန္တရာယ်မြင့်မားသော ဗိုင်းရပ်စ်ပိုး ကူးစက်ခံရခြင်းကြောင့် ဖြစ်ပေါ်လာသည်ဆိုသော်လည်း ဗိုင်းရပ်စ်ကူးစက်ခံရုံမျှဖြင့် ကင်ဆာဖြစ်ပွားမည်ကို အတိအကျ မဆုံးဖြတ်နိုင်သေးပေ။ ထို့ကြောင့် ဗိုင်းရပ်စ်ကူးစက်ခံရချိန်မှ ကင်ဆာရောဂါဖြစ်ပွားသည်အထိ နှစ်ကာလများစွာအတွင်း မည်သည့်ဇီဝဖေဒနှင့် လူနေမှုဘဝဆိုင်ရာ အကြောင်းအရင်းများက သက်ရောက်မှုရှိနိုင်သည်ကို သုတေသီများ စိတ်ဝင်တစား လေ့လာလျက်ရှိကြသည်။

အမေရိကန်ပြည်ထောင်စုတစ်ဝန်း ပြုလုပ်ခဲ့သော လေ့လာဆန်းစစ်ချက်အသစ်တစ်ရပ်အရ အစားအသောက်ပုံစံသည် အဆိုပါ အကြောင်းအရင်းများထဲမှ တစ်ရပ်ဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းအာဟာရဓာတ် ကြွယ်ဝစွာပါဝင်သော အစားအစာများကို စားသုံးသည့် အမျိုးသမီးများတွင် သားအိမ်ခေါင်းကင်ဆာဖြစ်ပွားနှုန်း သိသိသာသာ လျော့နည်းနေကြောင်းနှင့် အခြားသော သက်ရောက်နိုင်သည့် အကြောင်းအရင်းများကိုပါ ထည့်သွင်းတွက်ချက်ပြီးနောက်တွင်လည်း ယခုကဲ့သို့ ဆက်စပ်မှုရှိနေဆဲဖြစ်ကြောင်း တွေ့ရှိရသည်။ (SCI)

# အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့နှစ်ဦး နယ်စပ်ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် သဘောတူညီခဲ့



**နယူးဒေလီ စက်တင်ဘာ ၁၃**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့နှစ်ဦးသည် ၎င်းတို့နိုင်ငံများအကြား ငြင်းခုံဆဲဖြစ်သော နယ်စပ်ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့သည်ဟု အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာလ ၁၂ ရက်တွင် ထုတ်ပြန်သည်။

အဖွဲ့ဝင် ၁၁ နိုင်ငံပါဝင်သည့် ဘရစ်ခ်စ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် သမ္မတ ရှီကျင့်ဖျင်၏ နယူးဒေလီခရီးစဉ်သည် ၂၀၁၉ ခုနှစ်နောက်ပိုင်း အိမ်နီးချင်း အိန္ဒိယနိုင်ငံသို့ ပထမဆုံး အကြိမ်လာရောက်ခြင်းဖြစ်သည်။

ဘရစ်ခ်စ်ဆိုသည်မှာ ၎င်းအဖွဲ့အစည်းကို စတင်ထူထောင်ခဲ့သည့် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ကို ရည်ညွှန်းခြင်းဖြစ်ကြောင်း သိရသည်။

Mon



## အိန္ဒိယနိုင်ငံ၏ အေစီအမ်အီးအုပ်စုနှင့် ဂျီအမ်အာရ်အုပ်စုတို့ကို ဗီယက်နမ်၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် တိုက်တွန်း

**ဟနွိုင်း စက်တင်ဘာ ၁၃**

ဝန်ကြီးချုပ် လေးမင်းဟန်းက အိန္ဒိယနိုင်ငံ၏ အေစီအမ်အီးအုပ်စုနှင့် ဂျီအမ်အာရ်အုပ်စုတို့ကို ဗီယက်နမ်နိုင်ငံ၌ အထူးသဖြင့် သန့်ရှင်းသော စွမ်းအင်၊ စိမ်းလန်းသော စက်မှုလုပ်ငန်း၊ အဆင့်မြင့်နည်းပညာနှင့် အခြေခံအဆောက်အအုံကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် တိုက်တွန်းပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဋ္ဌမ အကြိမ်မြောက် ဘရစ်ခ်စ် ထိပ်သီးအစည်းအဝေး တက်ရောက်ရန်နှင့် အိန္ဒိယနိုင်ငံ၌ နှစ်နိုင်ငံဆွေးနွေးပွဲများ ပြုလုပ်ရန် ခရီးစဉ်အတွင်း ဝန်ကြီးချုပ်သည် စနေနေ့က နယူးဒေလီမြို့၌ အေစီအမ်အီးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဆန်းဂျေးဓဝမ်နှင့် ဂျီအမ်အာရ်အုပ်စု၏ တည်ထောင်သူ ဥက္ကဋ္ဌ ဂရန်ဒီမလ္လိကာရ်ဂျူနာရာအိုတို့နှင့် တွေ့ဆုံစဉ် ထိုသို့တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

သန့်ရှင်းသော စွမ်းအင်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများကို အထူးပြုလုပ်ကိုင်သည့် အေစီအမ်အီးသည် အိန္ဒိယတစ်ဝန်း၌ စုစုပေါင်း ပမာဏ ၈ ဂစ်ဂါဝပ်ကျော်ရှိသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများကို ဖော်ဆောင်ထားသည်။

ဗီယက်နမ်နိုင်ငံတွင် အဆိုပါအဖွဲ့အနေဖြင့် အကြီးစား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု မပြုလုပ်ရသေးသော်လည်း စိမ်းလန်းသော သံမဏိထုတ်လုပ်မှုအတွက် ကုန်ကြမ်းများ ရေရှည်ပံ့ပိုးပေးနိုင်ရေး ဗီယက်နမ်လုပ်ငန်းတစ်ခုနှင့် မူအားဖြင့် သဘောတူလက်မှတ်ရေးထိုးထားကြောင်း သိရသည်။

Mon

## အရှေ့တောင်အာရှတွင် ခရီးသွား ဒုတိယအများဆုံး ထိုင်းနိုင်ငံ တရုတ်ခရီးသွား ၂၅၀၀၀၀ ခန့် လာရောက်မည်ဟု မျှော်မှန်း

**ဘန်ကောက် စက်တင်ဘာ ၁၃**

အရှေ့တောင်အာရှတွင် ခရီးသွား လာရောက်မှု ဒုတိယအများဆုံးဖြစ်သည့် ထိုင်းနိုင်ငံသည် ၂၀၂၆ ခုနှစ် ရွှေရောင်သဓ္ဓရာဓိရုံးပိတ်ရက်ကာလအတွင်း တရုတ်ခရီးသွား ၂၅၀၀၀၀ ခန့် လာရောက်မည်ဟု မျှော်မှန်းထားပြီး ယင်းမှာ လွန်ခဲ့သည့်နှစ် အလားတူကာလထက် ၂၄ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အောက်တိုဘာ ၁ ရက်မှ ၇ ရက်နေ့အထိ ကျရောက်မည့် တရုတ်နိုင်ငံ၏ ရွှေရောင်သဓ္ဓရာဓိပိတ်ရက်များမတိုင်မီ တရုတ်ခရီးသွားဈေးကွက်သည် ပိုမိုထင်ရှားသော ပြန်လည်ဦးမော့လာသည့် လက္ခဏာများကို ပြသနေကြောင်း ထိုင်းခရီးသွားလာရေး အာဏာပိုင်အဖွဲ့၏ အုပ်ချုပ်ရေးမှူး သာပါနီကီးယတ်ဖိုင်ဘွန်းက ပြောကြားသည်။

အဆိုပါ ကာလအတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် ဘတ် ၁၁ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၅၀ သန်း) သို့ ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး တစ်နှစ်ထက်တစ်နှစ် ၃၇ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်သည်။

တရုတ်ခရီးသွားများသည် ဆောင်းဦးလလယ်ပွဲတော်နှင့် အမျိုးသားနေ့ပိတ်ရက်များကို ပေါင်းစပ်လိုက်ကြသဖြင့် ပျမ်းမျှခရီးစဉ် ကြာမြင့်ချိန်မှာ ၈ ရက်ခန့်မှ ၁၃ ရက်အထိ တိုးတက်လာမည်ဟု ခန့်မှန်းရကာ ယခုနှစ်တွင် ပိုမိုကြာမြင့်စွာ တည်းခိုကြမည်ဟု မျှော်လင့်ရကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အိုင်အက်ဖ်အေ အီလက်ထရွန်နစ်အနာဂတ်နည်းပညာ ပြပွဲကြီး၌ တရုတ်အမှတ်တံဆိပ်များနှင့် ထုတ်လုပ်သူများစွာ ပါဝင်ပြသ




**ဘာလင် စက်တင်ဘာ ၁၃**

ကမ္ဘာ့အကြီးဆုံး လူသုံးကုန် အီလက်ထရွန်နစ်၊ အိမ်သုံးလျှပ်စစ်ပစ္စည်းနှင့် အနာဂတ်နည်းပညာ ပြပွဲကြီးဖြစ်သည့် အိုင်အက်ဖ်အေသို့ တက်ရောက်ရန် နည်းပညာကုမ္ပဏီကြီးများမှ ကိုယ်စားလှယ်များသည် ယခင် သီတင်းပတ်ကုန်က ဂျာမနီနိုင်ငံ ဘာလင်မြို့၌စုဝေးခဲ့ကြပြီး ကုမ္ပဏီများက ၎င်းတို့၏ နောက်ဆုံးပေါ် ထုတ်ကုန်များနှင့် နည်းပညာသစ်များကို ပြသခဲ့ကြရာ တရုတ်အမှတ်တံဆိပ်များနှင့် ထုတ်လုပ်သူအမြောက်အမြားလည်း ပါဝင်ပြသခဲ့ကြကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အိုင်အက်ဖ်အေဆိုသည်မှာ အားလုံးအတွက် နည်းပညာသစ်များဟု အဓိပ္ပာယ်ရပြီး အဆိုပါပြပွဲကို ကျင်းပလာခဲ့သည်မှာ တစ်ရာစုမက ရှိပြီဖြစ်သည်။

တရုတ် ပင်မကုန်းဘက်မှ ကုမ္ပဏီ ၉၂၈ ခုနှင့် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသမှ ကုမ္ပဏီ ၈၄ ခု ပါဝင်ပြသခဲ့သည်ဟု ဂျာမန် ရုပ်သံလိုင်း အာရ်ဘီဘီ ၂၄ က သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Mon

STOP AIDS

## ဒူဘိုင်းလေဆိပ်များအဖွဲ့၏ နှစ်စဉ် ခရီးသည် ရရှိမှုပမာဏ ယခင်လျာထားချက်ထက် လျော့နည်းသွားမည်ဟု မျှော်မှန်းထား

**ဒူဘိုင်း စက်တင်ဘာ ၁၃**

အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းလေဆိပ်များအဖွဲ့၏ နှစ်စဉ် ခရီးသည် ရရှိမှုသည် ယခင်လျာထားချက်ထက် လျော့နည်းပြီး ယခုနှစ်ကုန်တွင် သန်း ၇၀ ခန့်သို့ ရောက်ရှိမည်ဟု မျှော်မှန်းထားပြီး မူလရည်မှန်းချက်ကို ၂၀၂၇ ခုနှစ်ကုန်တွင်မှ ရရှိနိုင်တော့မည်ဟု အမှုဆောင်အရာရှိချုပ် ပေါလ်ဂရစ်ဖစ်သ်က ပြောကြားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အီရန်စစ်ပွဲနှင့် ယင်း၏ အကျိုးဆက်ကြောင့် ပင်လယ်ကွေ့လေကြောင်းပိုင်နက်များကို ခေတ္တပိတ်ပင်ခဲ့ရမှုများက ဒူဘိုင်းနိုင်ငံတကာလေဆိပ်အနေဖြင့် ယခုနှစ်အတွင်း ခရီးသည် သန်း ၁၀၀ နီးပါး လက်ခံဆောင်ရွက်ပေးနိုင်မည်ဆိုသည့် ယခင်ခန့်မှန်းချက်ကို စွန့်လွှတ်ရန် အကြောင်းရင်းဖြစ်စေခဲ့သည်။

ယမန်နှစ်က ကမ္ဘာ့အစည်ကားဆုံး နိုင်ငံတကာ ခရီးသွားလာရေး ဗဟိုချက်ဖြစ်ခဲ့သော ဒူဘိုင်းနိုင်ငံတကာလေဆိပ်သည် ၂၀၂၆ ခုနှစ်၏ ပထမနှစ်ဝက်တွင် ခရီးသည် ၃၁ ဒသမ ၅ သန်းကိုသာ လက်ခံဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခင်နှစ် အလားတူကာလက ၄၆ သန်း ရှိခဲ့ရာမှ လျော့ကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

## အင်ဒိုနီးရှားနိုင်ငံအနီး ဂျာဗားပင်လယ်ပြင်တွင် လူဦးရေ ၂၄၃ ဦးလိုက်ပါလာသည့် ကူးတို့သင်္ဘောတစ်စင်း နစ်မြုပ်

**ဂျကာတာ စက်တင်ဘာ ၁၃**

အင်ဒိုနီးရှားနိုင်ငံအနီး ဂျာဗားပင်လယ်ပြင်တွင် လူဦးရေ ၂၄၃ ဦး လိုက်ပါလာသည့် ကူးတို့သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ကြောင်း သိရသည်။

Virgo Transport 8 ခရီးသည်တင်သင်္ဘောသည် စက်တင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်တွင် မိုးလေဝသအခြေအနေ ဆိုးရွားမှုနှင့် ကြုံတွေ့ခဲ့ရပြီးနောက် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း ရှာဖွေကယ်ဆယ်ရေးအေဂျင်စီက ပြောကြားခဲ့သည်။

ခြောက်ဦး သေဆုံးပြီး ၁၃၀ မှာ ပျောက်ဆုံးနေကြောင်းနှင့် ၁၀၇ ဦးကို ပြန်လည်ကယ်ဆယ်နိုင်ခဲ့ကြောင်း ရှာဖွေကယ်ဆယ်ရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

တောင်ကာလီမန်တန်ဒေသရှိ ဘန်ဂျာမာစင်မြို့သို့ ဦးတည်ခုတ်မောင်းနေသော အဆိုပါသင်္ဘောနှင့် ဆက်သွယ်မှုပြတ်တောက်သွားကြောင်း သင်္ဘောကုမ္ပဏီက စက်တင်ဘာ ၁၃ ရက် အစောပိုင်းတွင် အသိပေးအကြောင်းကြားခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။ ထို့ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လူပေါင်း ၁၀၇ ခန့်ကို ကယ်ဆယ်နိုင်ခဲ့သော်လည်း ခြောက်ဦး သေဆုံးကြောင်း အတည်ပြုနိုင်ခဲ့သည်။




ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အဆိုပါသင်္ဘောသည် စက်တင်ဘာ ၁၂ ရက်က အရှေ့ဂျာဗားရှိ ဆူရာဘာယားမြို့မှ ထွက်ခွာကာ တောင်ကာလီမန်တန်ပြည်နယ်ရှိ ဘန်ဂျာမာစင်မြို့သို့ ဦးတည်သွားနေစဉ် မိုးလေဝသအခြေအနေ ဆိုးရွားမှုနှင့်ကြုံတွေ့နေရကြောင်း သင်္ဘောဝန်ထမ်းများက အသိပေးပြောကြားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် သင်္ဘော၏နောက်ဆုံးတည်နေရာအနီးရှိ ရေပြင်သို့ ဝန်ထမ်းများ၊ သင်္ဘောများနှင့် ရဟတ်ယာဉ်တစ်စင်းတို့ကို စေလွှတ်ထားပြီးဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

## ဈေးရောင်း၊ ဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး



**ပွင့်ဖြူ စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ယမန်နေ့ နံနက်ပိုင်းက ပွင့်ဖြူမြို့မဈေး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများအဖွဲ့က ဈေးကော်မတီဝင်များနှင့်အတူ ပွင့်ဖြူ မြို့မဈေးသို့ သွားရောက်၍ ဈေးသူ၊ ဈေးသားများအား တွေ့ဆုံ၍ ဈေးရောင်း၊ ဈေးဝယ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသော ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုကြရန်၊ ဈေးဝယ်ရန် လာရောက်သည့်အခါတွင် မိမိတို့နေအိမ်မှ ထည့်စရာတစ်ခုခုကို တစ်ပါတည်း ယူဆောင်လာကြရန်၊ ဈေးသူ၊ ဈေးသားများအနေဖြင့် ဈေးရောင်းပြီးချိန်တိုင်း သန့်ရှင်းရေး စနစ်တကျ ဆောင်ရွက်ကြရန် အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ဝန်ထမ်းများပူးပေါင်းအဖွဲ့က မြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များ၊ အင်ဖက်၊ ငှက်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကို လိုက်လံဝေငှပေးခဲ့သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၄၅)**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်

**မိုင်းပျဉ်း စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက နဝဒေးခန်းမတွင် ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာခိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးသူရမောင်က မီးလောင်မှုမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ မီးလောင်မှုဖြစ်ပွားပါက ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မီးသတ်ဆေးဘူး အသုံးပြုပုံနည်းလမ်းများကို ဟောပြောဆွေးနွေးသည်။

ထို့နောက် မီးသတ်ဦးစီးဌာနဝန်ထမ်းများက မီးငြိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြသဆောင်ရွက်ကြရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးပွဲသို့ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အ·ထ·က ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ အလယ်တန်းကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လျှပ်စစ်လုပ်သားတစ်ဦး လုပ်ငန်းခွင်အတွင်း ဓာတ်လိုက်သေဆုံး



**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ ၈၉ လမ်း၊ လမ်း ၄၀နှင့် ၄၁လမ်းကြားတွင် စက်တင်ဘာ ၁၁ ရက် ညနေ ၄ နာရီခန့်က လျှပ်စစ်လုပ်သားတစ်ဦး လုပ်ငန်းခွင်အတွင်း ဓာတ်လိုက်သေဆုံးမှု ဖြစ်ပွားခဲ့သည်။

လျှပ်စစ်လုပ်သားတစ်ဦး ဓာတ်လိုက်သေဆုံးနေကြောင်း သတင်းရရှိသဖြင့် မဟာလူမှုကယ်ဆယ်ရေးအဖွဲ့မှ လူနာတင်ယာဉ်ဖြင့် သွားရောက်ကူညီခဲ့ပြီး သေဆုံးသူ၏ ရုပ်အလောင်းကို မန္တလေးပြည်သူ့ဆေးရုံကြီး ရင်ခွဲရုံဌာနသို့ ပို့ဆောင်ပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ကျော်ဇေယျ(မန္တလေးနေ့စဉ်)**

## တောင်ကြီးမြို့နယ်တွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ စက်တင်ဘာ ၄ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ တောင်ကြီးမြို့နယ်၊ ပန်းစုံကျေးရွာအနီးတွင် ဩဘာတ(ခ)စိုင်းဩဘာတဆိုသူ မောင်းနှင်လာသည့် HONDA FIT အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဩဘာတ(ခ)စိုင်းဩဘာတ(၄၁)နှစ်ဆိုသူအား ရွှေညောင်နယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ စက်တင်ဘာ ၄ ရက် ည ၁၁ နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ မိုင်းပျဉ်းမြို့နယ်၊ ပန်မော်(၂၀)မိုင်ကျေးရွာအနီး၊ ကျိုင်းတုံ-တောင်ကြီးသွားကားလမ်းတွင် စိုင်းစံထွန်း ဆိုသူ မောင်းနှင်လာသည့် TOYOTA HILUX VIGO အမျိုးအစား မော်တော်ယာဉ်နှင့် ယောလှဆိုသူ မောင်းနှင်လာသည့် TOYOTA HILUX TIGER အမျိုးအစား မော်တော်ယာဉ်တို့အား စစ်ဆေးရာ စိုင်းစံထွန်းဆိုသူ မောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းအလေးချိန် ကီလို ၁၀၂၀ နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့အား လည်းကောင်း၊ ယောလှဆိုသူ မောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းအလေးချိန် ကီလို ၉၈၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းစံထွန်း(၄၂)နှစ်နှင့် ယောလှဆိုသူတို့အား မိုင်းပျဉ်းမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး ဖမ်းဆီးအရေးယူ

**ဘုတ်ပြင်း စက်တင်ဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၌ စက်တင်ဘာ ၃ ရက်က လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် သုံးစီး ဖမ်းဆီးအရေးယူထားသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ကမာချောင်းကျေးရွာဆိုင်းဘုတ်အနီး၌ ဘုတ်ပြင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အေးချမ်းမြိုင်ကျေးရွာမှ ကမာချောင်းကျေးရွာဘက်သို့ ကော့သောင်းမြို့နယ်၊ ခမောက်ကြီးမြို့၊ အမှတ်(၁)ရပ်ကွက်နေ မောင်လင်းခန့်ကျော်(၁၉)နှစ်ဆိုသူ မောင်းနှင်လာသည့် CLICK 160 i မော်တော်ဆိုင်ကယ်အားလည်းကောင်း၊ တစ်ရပ်ကွက်တည်းနေ မောင်အောင်ခန့်ဇော်(၁၉)နှစ်ဆိုသူ မောင်းနှင်လာသည့် CLICK 160 i မော်တော်ဆိုင်ကယ်အားလည်းကောင်း၊ ကိုအာကာဖြိုး(၂၂)နှစ်ဆိုသူ မောင်းနှင်လာသည့် CLICK 160 i မော်တော်ဆိုင်ကယ်တို့အားလည်းကောင်း ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ဆိုင်ကယ်များနှင့်ပတ်သက်၍ အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များဖြစ်ကြောင်း သိရှိရသဖြင့် လင်းခန့်ကျော် ပါ သုံးဦးဆိုသူတို့အား ဘုတ်ပြင်းမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် အသီးသီး အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ကလေးမြို့တွင် ငွေကျပ်သိန်း ၇၂၅၀ တန်ဖိုးနှင့် လှိုင်မြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ



တရားခံ မျိုးကိုနှင့် ဇော်လင်းအောင်(ခ)ကိုဆက်(ခ)အငယ်လေးတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁၃

ကလေးမြို့တွင် ငွေကျပ်သိန်း ၇၂၅၀ တန်ဖိုးနှင့် လှိုင်မြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀ တန်ဖိုးရှိစိတ်ကြွဆေးပြားများ ဖမ်းဆီးရမိပြီး တရားခံများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၀ ရက်ည ၇ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကလေးမြို့ လှိုင်သာယာရပ်ကွက် အနီးတွင် ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်နေ မျိုးကို(၃၀)နှစ် မောင်းနှင်လာသော TOYOTA HILUX DOUBLE CAB အမျိုးအစားယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၂၉၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၇၂၅၀) နှင့် မြန်မာငွေကျပ် နှစ်သိန်းတို့အား ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် စိတ်ကြွဆေးပြားများလက်ခံရယူသူ ဇော်လင်းအောင်(ခ)ကိုဆက်(ခ) အငယ်လေး(၂၃) နှစ်အား ကလေးမြို့ လှိုင်သာယာရပ်ကွက်ရှိနေအိမ်၌ ထပ်မံဖမ်းဆီးရမိသဖြင့် မျိုးကိုနှင့် ဇော်လင်းအောင်(ခ)ကိုဆက်(ခ) အငယ်လေးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ လှိုင်မြို့နယ် (၅)ရပ်ကွက် အေးရိပ်မွန်(၅)လမ်း အတိုင်း လမ်းလျှောက်လာသူ မအူပင်မြို့နယ် ရေလဲကလေးရွာနေ မျိုးဦး (၄၉) နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁၂၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ် သိန်း ၂၄၀ ဖမ်းဆီးရမိသဖြင့် မျိုးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



## တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် CTME အခမ်းအနား ကျင်းပ

မန္တလေး စက်တင်ဘာ ၁၃

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့်တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီးတို့ ပူးပေါင်းစီစဉ်ကျင်းပသော တိုင်းရင်း ဆေးပညာစဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ် CTME အခမ်းအနားကို စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီးအစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည်။ အခမ်းအနားတွင် သဘာပတိအဖြစ်ဆရာကြီးဦးသန်းထွန်း ASSOCIATE HONORARY PROFESSOR ကထိက(ဌာနမှူး) ဆေးဝါးဗေဒဌာန(ငြိမ်း)တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့က ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံအုပ်ကြီး ဒေါ်မီမီက အခမ်းအနားဖြစ်မြောက်ရေး ကူညီပံ့ပိုးပေးသော ဦးလှထွန်း၊ ဒေါ်ယဉ်ယဉ်သန်းမိသားစု၊ ကျွဲရိုင်းဆေးတိုက်၊ အောင်မြေသာစံမြို့နယ်အား ဂုဏ်ပြုလွှာကိုပေးအပ်ခဲ့သည်။

ဆက်လက်၍ နှလုံးရောဂါအကြောင်းကို ဒေါ်ဇင်မာဦး တိုင်းရင်းဆေးမှူး တိုင်းရင်းဆေးရုံ၊ မန္တလေးမြို့က ဟောပြောပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခြင်း သဘာပတိက ဟောပြောသူ ဆရာမ ဒေါ်ဇင်မာဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

CTME အခမ်းအနားသို့ အငြိမ်းစားဆရာကြီးများ၊ ခုတင်(၁၀၀)ဆံ့သင်ကြားရေး တိုင်းရင်းဆေးရုံ ဒုဆေးရုံအုပ် ဒေါ်သိန်းထိုက်နှင့် ဆရာ၊ ဆရာမများ၊ ဌာနမှူးများ၊ အလုပ်သင်ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်၊ ဒုဥက္ကဋ္ဌ ဦးဝင်းနိုင်၊ အလုပ်အမှုဆောင် ဦးသင်းနှင့် အသင်းဝင်ဆရာများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(အပေါ်ပုံ)(ကျော်မင်းသော်)

# တရားမဝင် Online လောင်းကစားဂိမ်း ဦးဆောင်လုပ်ကိုင်သူ (Senior Agent) များအား ဖော်ထုတ်ဖမ်းဆီး



ဖြိုးသိင်္ဂီ



နှင်းဝတ်ရည်ကျော်



ကောင်းခန့်ညီ



ချစ်နှင်းဝေ



ဇင်ငြိမ်းသူ



ကျော်စိုးလင်း



ယဉ်ယဉ်နု

နေပြည်တော် စက်တင်ဘာ ၁၃

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းစီးပွားရေး တည်ငြိမ်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိရာ အချို့သော ဝိသမလောဘသားများသည် Online အခြေပြုလောင်းကစား Website များတည်ထောင်၍ လူမှုကွန်ရက်များပေါ်တွင် ကြော်ငြာခြင်း၊ Online လောင်းကစားဂိမ်းကစားနိုင်ရန် တရားမဝင်ဝန်ဆောင်မှုပေးခြင်းများ ဆောင်ရွက်လျက်ရှိခြင်းကြောင့် ပြည်သူအချို့အနေဖြင့် ဝင်ရောက်ကစားလျက်ရှိသည်ကို တွေ့ရှိရပြီး ထိုသို့လောင်းကစားဂိမ်းများ ကစားခြင်းကြောင့် ငွေကြေးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိ၍ အကျင့်စာရိတ္တပျက်ပြားခြင်း၊ နောက်ဆက်တွဲ ဒုစရိုက်မှုများ ကျူးလွန်ခြင်းနှင့် မိမိကိုယ်ကို အဆုံးစီရင်ခြင်းများ ဖြစ်ပွားသည်အထိ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာလျက်ရှိကြောင်း တွေ့ရှိရသည်။

Online လောင်းကစားဂိမ်းများအား ပြည်သူအများ ပိုမိုကစားလာစေရန်အတွက် Agent Level များ အဆင့်ဆင့် သတ်မှတ်ထားရှိ၍ ဦးစီးဆောင်ရွက်ခြင်း၊ ဆွဲဆောင်စည်းရုံးခြင်းနှင့် လောင်းကစားကွန်ရက် ကျယ်ပြန့်လာအောင် ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် အဓိကဦးစီးဆောင်ရွက်သူ Level မြင့် Agent များအား ဖမ်းဆီးရမိရေး အလေးထား ဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် Ibet 789 Online လောင်းကစားဂိမ်း Senior Agent ဖြိုးသိင်္ဂီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လက်ကိုင်ဖုန်း နှစ်လုံးဖြင့် လည်းကောင်း၊ Senior Agent နှင်းဝတ်ရည်ကျော် အပါအဝင် တရားခံ သုံးဦးအား မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၅) အိမ်အမှတ်(၆၇၀)၌ လက်ကိုင်ဖုန်း ရှစ်လုံး၊ Laptop တစ်လုံး၊ Tablet တစ်လုံး၊ ယာဉ်တစ်စီးတို့ဖြင့် လည်းကောင်း၊ စက်တင်ဘာ ၄ ရက်တွင် Online လောင်းကစားဂိမ်း Senior Agent ကျော်စိုးလင်းအား လှိုင်သာယာမြို့နယ် ရေအုပ်ကန်ရပ်ကွက်ရှိ Mandarin Hotel ၌ လက်ကိုင်ဖုန်း နှစ်လုံး၊ ယာဉ်နှစ်စီးတို့ဖြင့်လည်းကောင်း၊ Online လောင်းကစားဂိမ်း Senior Agent ယဉ်ယဉ်နုအား သာကေတမြို့နယ် အနော်မာ(၁) ရပ်ကွက် လမ်းသစ်(၁)လမ်း အမှတ်(၆၆/က)၌ လက်ကိုင်ဖုန်း တစ်လုံးဖြင့် လည်းကောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် Online လောင်းကစား လုပ်ငန်းလုပ်ကိုင်သူ တရားခံအမျိုးသား နှစ်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ခုနစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှင့်အတူ Online လောင်းကစားဂိမ်း Agent ဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း ၁၃ လုံး၊ Laptop တစ်လုံး၊ Tablet တစ်လုံး၊ ယာဉ် သုံးစီးတို့အား သိမ်းဆည်းရမိခဲ့သဖြင့် အမှုဖွင့်လှစ်၍ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက် ရှိကြောင်း၊ အလားတူ Online လောင်းကစား Agent အဖြစ် ဦးစီးဆောင်ရွက်နေသူများကိုလည်း ဆက်လက်ဖော်ထုတ်ဖမ်းဆီး အရေးယူသွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့် Online လောင်းကစား Agent အဖြစ် ဆောင်ရွက်နေသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်း သိရသည်။

သတင်းစဉ်

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| လက်ချီ | ၃ - ၂ | မွန်ဇာ |
| နာပိုလီ | ၁ - ၀ | ဘိုလော့ဂ်နာ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅) အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ဆဲလ်တာဗီဂို | ၁ - ၁ | မာလာဂါ |
| လီဗန်တေး | ၂ - ၄ | ဘာစီလိုနာ |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄) အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| လိုင်လီ | ၂ - ၀ | ထရိုင်းယက်စ် |
| လီမန်းစ် | ၂ - ၂ | လန်းစ် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| လိုက်ပဇစ် | ၅ - ၀ | ဟမ်းဘတ် |
| အဲလ်ဟာစ်ဘတ် | ၁ - ၂ | ဘိုင်ယန်မြူးနစ် |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၇) အနိုင်၊ အရှုံး (NGB)

| | | |
|---|---|---|
| ရှက်ဖီးလ်(Utd) | ၀ - ၁ | ဝုဖ် |




## ဩဂုတ်လအတွက် ရီးရဲလ်မက်ဒရစ်အသင်း၏ တစ်လတာ အကောင်းဆုံးကစားသမားဆုကို ဘာပေ ဆွတ်ခူး

**မက်ဒရစ် စက်တင်ဘာ ၁၃**

ရီးရဲလ်မက်ဒရစ်အသင်းမှ လစဉ်လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် ဩဂုတ်လအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို တိုက်စစ်မှူး ဘာပေက ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ စပိန်လာလီဂါပွဲစဉ် သုံးပွဲကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဘာပေသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၈ပွဲ ကစားကာ ၉၁ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဘာပေက "ကျွန်တော် အခုလို တစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့လို့အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုတွေ ရရှိအောင် ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(ယာပုံ) (NGB)



## ဇီယက်ချ်ကို ဘိုတာဖိုဂိုအသင်း ခေါ်ယူ

**ရီယို စက်တင်ဘာ ၁၃**



ဘရာဇီးကလပ် ဘိုတာဖိုဂိုအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့် တောင်ပံကစားသမား ဇီယက်ချ်ကို ၂၀၂၈ ခုနှစ်အထိစာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဇီယက်ချ်သည် ဘိုတာဖိုဂိုအသင်းတွင် ကျောနံပါတ် (၂၂)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ဇီယက်ချ်သည် ကစားသမားဘဝတစ်လျှောက်တွင် အေဂျက်စ်၊ ချဲလ်ဆီး၊ ဂါလာတာစာရေး၊ အယ်လ်ဒူဟေးလ်၊ ဝီဒတ်စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဘိုတာဖိုဂိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ထို့ကြောင့် ဇီယက်ချ်အနေဖြင့် ဘိုတာဖိုဂိုအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)

## မာနူကိုနေးကို ခေါ်ယူရန် ချဲလ်ဆီးအသင်း စိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၁၃**

ချဲလ်ဆီးအသင်းသည် ရိုးမားအသင်း ကွင်းလယ်ကစားသမား မာနူကိုနေးကို ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ရိုးမားအသင်းနှင့်အတူ ၂၀၂၄ - ၂၀၂၅ မှ ၂၀၂၆ - ၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၆ပွဲ ကစားပြီး လေးဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။



ကွင်းလယ်ကစားသမား မာနူကိုနေး ကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ရိုးမားအသင်းမှ မာနူကိုနေးကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)
(NGB)

## 2026 US Open အမျိုးသားတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Alexander Zverev တက်ရောက်

**နယူးယောက်ခ် စက်တင်ဘာ ၁၃**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တက်ရောက်ခဲ့သည်။



အဆိုပါ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev သည် 2026 US Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် နယ်သာလန်တင်းနစ်ကစားသမား Botic Van De Zandschulp ကို ၆-၂၊ ၇-၅၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ (ဝဲပုံ)

2026 US Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီ တင်းနစ်ကစားသမား Alexander Zverev နှင့် ရုရှားတင်းနစ်ကစားသမား Karen Khachanov တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (NGB)



## ဆီဗီလာအသင်းက ဗလင်စီယာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**မက်ဒရစ် စက်တင်ဘာ ၁၃**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဆီဗီလာအသင်းနှင့် ဗလင်စီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆီဗီလာအသင်းက ဗလင်စီယာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဆီဗီလာအသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၈၁မိနစ်တွင် အစ်ဂလီစီယာစ်က သွင်းယူပေးခဲ့သည်။

ဆီဗီလာအသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၁၆ ရက်တွင် ဒီပို့တီဗိုအသင်းနှင့် ဆက်လက်ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဝီလော့ခ်ကို စာချုပ်သက်တမ်းတိုးရန် နယူးကာဆယ်အသင်းစီစဉ်

**လန်ဒန် စက်တင်ဘာ ၁၃**

နယူးကာဆယ်အသင်းသည် အသင်းကွင်းလယ်ကစားသမား ဝီလော့ခ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၂ပွဲ ကစားပြီး ၁၃ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုး စာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

နယူးကာဆယ်အသင်း၏ ထုတ်ပြန်ချက်တွင် "ဝီလော့ခ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ" ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



## အေမာရာမာနီ လက်ရွေးစင်ကစားသမားဘဝမှ အနားယူ

**ပရီစတင်းနား စက်တင်ဘာ ၁၃**

နောက်ခံကစားသမား အေမာရာမာနီသည် နိုင်ငံအသင်းဖြစ်သည့် ကိုဆိုဗိုလက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူခဲ့ကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ကိုဆိုဗိုလက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၄ မှ ၂၀၂၅ ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၆၇ပွဲ ကစားကာ ခုနစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး ခြေစွမ်းပြနိုင်ခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ အေမာရာမာနီက "ကျွန်တော် လက်ရွေးစင်ကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကိုဆိုဗိုအသင်းအနေနဲ့လည်း အနာဂတ်မှာ အောင်မြင်မှုများ ရယူနိုင်ပါစေလို့လည်း တောင်းဆုပြုပါတယ်" ဟု ပြောသည်။ (ယာပုံ) (NGB)



## ဥရောပထိပ်တန်းလိဂ် ၅ခုတွင် ဟက်ထရစ်သွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် မက်စတန်တူနီ မှတ်တမ်းဝင်

**တူရင် စက်တင်ဘာ ၁၃**

ဖီအိုရင်တီးနားအသင်း ကွင်းလယ်တိုက်စစ်ကစားသမား မက်စတန်တူနီ(အသက်၁၉နှစ် ၂၈ရက်)သည် ယခုနှစ် ဘောလုံးရာသီ ဥရောပထိပ်တန်း လိဂ် ၅ခုတွင် ဟက်ထရစ်သွင်းယူနိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ဖီအိုရင်တီးနားအသင်းက ဗင်နီဇီယာအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး သုံးဂိုးသွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

မက်စတန်တူနီက "ကျွန်တော် အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုတွေ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (NGB)



### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၄-၉-၂၀၂၆<br>ည ၁၁:၀၀ နာရီ | ကိုမို - ပါးမား | ကိုမို ၁-၀ ပါးမား<br>ပါးမား ၀-၀ ကိုမို |
| ။ | တိုရီနို - ရိုးမား | တိုရီနို ၀-၂ ရိုးမား<br>ရိုးမား ၀-၁ တိုရီနို |
| ၁၅-၉-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | အင်တာမီလန် - ယူဒီးနီစ် | အင်တာမီလန် ၁-၂ ယူဒီးနီစ်<br>ယူဒီးနီစ် ၀-၁ အင်တာမီလန် |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃) — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၅-၉-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | ဗီလာရီးရဲလ် - ဘက်တစ် | ဗီလာရီးရဲလ် ၂-၂ ဘက်တစ်<br>ဘက်တစ် ၂-၀ ဗီလာရီးရဲလ် |




## ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ



**ပင်းတယ စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့၊ ဝင်ပက်ရပ်တုစုရပ်မှစ၍ မြို့မမိုင်းလမ်းတစ်လျှောက် အစွန်ရှေးဟောင်းမြောက်ကျောင်းကြီးကျောင်းတိုက်ရှေ့အထိ (၄၄) ကြိမ်မြောက် မြို့နယ်လုံးကျွတ် လက်တစ်ဆုပ် ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ပွဲကို စက်တင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပင်းတယမြို့ပေါ်ရှိ ကျောင်းတိုက် ၁၈ ကျောင်းနှင့် ရွှေနီကျောင်းတိုက်ရှိ ဘုန်းတော်ကြီး ကျောင်းတိုက်များမှ ဆရာတော်၊ သံဃာတော်၊ ရဟန်း၊ ရှင်သာမဏေ ၃၄၄ ပါးနှင့် ရှေးဟောင်းသမိုင်းဝင်ဇော်ဂျီရေထွက် ရှင်မိယာကုန်းတော်ပေါ်ရှိ (နေလဝေဇယန္တာ)သီလရှင်ကျောင်းမှ သီလရှင် ၁၈ ပါးတို့က လမ်းလျှောက် အလှူခံကြွရောက်ခဲ့သည်။ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထိန်လင်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များ၊ မြို့မိ၊ မြို့ဖများက ဗုဒ္ဓရုပ်ပွားတော်မြတ်၊ ရှင်မောဂ္ဂလာန်၊ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တအစရှိသော ရုပ်ပွားတော်များအား ပင့်ဆောင်၍ အကျိုးတော်ဆောင်များက အလှူပွဲတော်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်။ မိန်းလမ်းမတစ်လျှောက် လမ်းဘေး ဝဲ၊ ယာရှိ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့ပေါ်ရပ်ကွက် ၁၃ ရပ်ကွက်၊ ကျေးရွာ အုပ်စု ၂၇ အုပ်စု၊ ကျေးရွာပေါင်း ၁၃၇ ရွာမှ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း၊ အင်းသျှား၊ ဗမာ အစရှိသော တိုင်းရင်းသားပြည်သူများ၊ ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးဧည့်သည်များက အလှူခံကြွရောက်တော်မူကြသည့် သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်း လက်တစ်ဆုပ်စာမျှဖြင့် နည်းများမဆို လောင်းလှူ၍ လှူဖွယ်ဝတ္ထုပစ္စည်းအမျိုးမျိုးတို့ကို လှူဒါန်းခဲ့ကြသည်။

ဓနုဒေသ ပင်းတယမြို့နယ်၌ မီတင်းနေထိုင်ကြကုန်သော ဒေသနေ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း အစရှိသော တိုင်းရင်းသားပြည်သူများ၏ သာသနာ့အကျိုး သယ်ပိုးကြကုန်သော သံဃာတော်များနှင့် သီလရှင်များအား နှစ်စဉ်နှစ်တိုင်း ဝါတွင်းကာလ (ဝါခေါင်လကွယ်နေ့)တွင် ရှေးရိုးရာမပျက် သမိုင်းဝင်ကောက်ဦးစပါးနှံမှ ထွက်ပေါ်လာသည့် ဆန်စိမ်းနည်းများမဆို လက်တစ်ဆုပ်ဖြင့် ဆက်ကပ်လှူဒါန်းလာခဲ့ကြသည်မှာ ယခုနှစ်တွင် (၄၄) နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၃၈)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**တံတားဦး စက်တင်ဘာ ၁၃**

အများပြည်သူများနှင့် အစိုးရ၏ တာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းအရာများ ဆွေးနွေးပြောကြားနိုင်စေရန်၊ ဆွေးနွေးပွဲတွင် ကိုယ်တိုင်ပါဝင် စနစ်တကျဆွေးနွေးတတ်စေရန်ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာ၊ ဓမ္မသာလဓမ္မာရုံတွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်သူနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းတင့်လှိုင်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုမောင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုက်ကြည် ဦးဆောင်၍ သက်ဆိုင်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းကဏ္ဍဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသည့် ပြည်သူများက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးမေးမြန်းပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက်တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၀၉)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးစစ်ဆေး၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ပုသိမ်ကြီး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းထွေးသည် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးစစ်ဆေးခြင်း၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အောင်မြေသာစံခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက နယ်မြေဒေသအခြေအနေနှင့် ရုံးလုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့သည်။



အဆိုပါတင်ပြမှုများအပေါ် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက လိုအပ်ချက်များအား ပြန်လည်ပြောကြားခဲ့ပြီးနောက် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက ပုသိမ်ကြီးမြို့နယ်ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်း ၈၈ ဦးအား အခြေခံစားသောက်ကုန်များဖြစ်သည့် ကြက်သွန်နီ၊ ပဲ၊ ကြက်ဥ၊ မြေပဲဆီတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ရုံးခန်းများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရွှေရန်ကင်း

## (VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဥတ္တရသီရိ စက်တင်ဘာ ၁၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝွေးပင်ရိုးကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်



ဆောင်ရွက်နိုင်ရန်အတွက် (VDP) စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ဝွေးပင်ရိုးကျေးရွာ၌ ကျင်းပရာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့် ဝင်းက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း (VDP) စီမံကိန်းအကြောင်းအရာ များ၊ စီမံကိန်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ စီမံကိန်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့် ရပိုင်ခွင့်များအား ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူကျေးရွာသားများက ဖွံ့ဖြိုးရေးကော်မတီဝင် ၁၀ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ကျေးရွာနေ ပြည်သူများ၏ လုပ်အားငွေအားထည့်ဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

အောင်ရဲကျော်

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

ရေနုတ်မြောင်းအတွင်း
စည်းကမ်းမဲ့အမှိုက်
မစွန့်ပစ်ခြင်းဖြင့်
သင်၏ဂုဏ်ကို
မြှင့်တင်ပါ။

## မန္တလာတက္ကသိုလ် BTHM ဘွဲ့သင်တန်း ပထမနှစ်အတွက် သင်တန်းသား ၂၅၀ ဦး လက်ခံမည်



**မန္တလေး စက်တင်ဘာ ၁၃**

မန္တလာတက္ကသိုလ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် Bachelor of Tourism and Hospitality Management (BTHM) ဘွဲ့သင်တန်း ဖွင့်လှစ်မည်ဖြစ်ပြီး ပထမနှစ်သင်တန်းသား ၂၅၀ ဦး လက်ခံသွားမည်ဖြစ်သည်။

BTHM ဘွဲ့သင်တန်းမှာ လေးနှစ်ကြာ အချိန်ပြည့်သင်တန်းဖြစ်ပြီး ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ထားသည့် မြန်မာနိုင်ငံသားများ လျှောက်ထားနိုင်ကာ အခြားတက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူ မဖြစ်ရကြောင်း သတ်မှတ်ထားသည်။

လျှောက်လွှာများကို မန္တလာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ဩဂုတ် ၂၅ ရက်မှ စတင်ထုတ်ယူလျှောက်ထားနိုင်ပြီး စက်တင်ဘာ ၃၀ ရက်တွင် လျှောက်လွှာပိတ်မည်ဖြစ်သည်။ လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း ထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ လျှောက်ထားသူနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများနှင့် လိုင်စင်ဓာတ်ပုံ သုံးပုံ ပူးတွဲတင်ပြရမည်ဖြစ်သည်။

သင်တန်းဝင်ခွင့်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်တွင် အမှတ်များသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်ပြီး ဝင်ခွင့်ရရှိသူစာရင်းနှင့် ကျောင်းဝင်မှတ်ပုံတင်ရမည့်ရက်ကို မန္တလာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

သင်တန်းကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို မန္တလာတက္ကသိုလ် ကျောင်းသားရေးရာဌာန ဖုန်း ၀၉-၉၈၄၇၇၆၆၇၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဥ်-၆)**

## Premium Brand Chetak EV Showroom မန္တလေးမြို့တွင် ဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၄လမ်းနှင့် ၁၁၇(ကျန်စစ်သားလမ်းထောင့်)တွင် အိန္ဒိယနိုင်ငံထုတ် Premium EV Brand ဖြစ်သည့် Chetak EV Showroom ကို ယနေ့တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ Showroom တွင် Chetak EV ၏ လျှပ်စစ်မော်တော်ဆိုင်ကယ်များကို လာရောက်ကြည့်ရှုလေ့လာနိုင်မည့်အပြင် မောင်းနှင်စမ်းသပ်နိုင်ရန် စီစဥ်ပေးထားသည်။

Chetak EV များသည် Battery စွမ်းဆောင်ရည်နှင့် Motor Power ကောင်းမွန်ခြင်း၊ Premium Quality ဖြင့် ထုတ်လုပ်ထားခြင်းအပြင် ခိုင်ခံ့သည့် Solid Metal Body ကို အသုံးပြုထားသည့်အတွက် အရည်အသွေးနှင့် တာရှည်အသုံးခံမှုကို အဓိကထားသူများအတွက် ရွေးချယ်စရာတစ်ခုဖြစ်သည်။

ထို့အပြင် Chetak EV ဝယ်ယူသူများအတွက် Main Warranty အနေဖြင့် သုံးနှစ် သို့မဟုတ် ကီလိုမီတာ ၅၀,၀၀၀၊ Tyre အတွက် တစ်နှစ်နှင့် Auxiliary Battery အတွက် ၁၈ လ အာမခံများ ပေးအပ်ထားသည်။

မန္တလေးမြို့တွင် Premium EV များကို လေ့လာစမ်းသပ်ဝယ်ယူနိုင်ရန် ဖွင့်လှစ်ထားသည့် Chetak Showroom သို့ လာရောက်လေ့လာနိုင်ပြီး Chetak EV First Batch အတွက် Pre Order များကိုလည်း စတင်လက်ခံနေပြီဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဥ်-၈)**

*- *- *- *- *- *- *



## MAI က စက်တင်ဘာ ၁၃ ရက်မှစတင်ပြီး မန္တလေးလေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲ

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပျံသန်းပြေးဆွဲမှုကို စက်တင်ဘာ ၁၁ ရက်မှ စတင်၍ ယာယီရပ်နားထားသည့် MAI လေကြောင်းလိုင်းက စက်တင်ဘာ ၁၃ ရက်မှစတင်ပြီး မန္တလေးလေကြောင်းခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးသွားမည်ဟု အသိပေးထားသည်။




မန္တလေးသို့ လာရောက်မည့်သူများနှင့် မန္တလေးမှ ထွက်ခွာမည့်သူများ အဆင်ပြေစေရန် လေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးခြင်းဖြစ်သည်ဟု MAI က ဆိုသည်။

လေကြောင်းခရီးစဉ်များ ယာယီရပ်နားထားစဉ်အတွင်း MAI သည် ၎င်း၏ ခရီးစဉ်များကို ပြင်ဦးလွင်လေဆိပ်သို့ ပြောင်းလဲပြေးဆွဲပေးခဲ့ပြီး အခက်အခဲကြုံတွေ့ခဲ့ရသည့် ခရီးသည်များအတွက် လက်မှတ်ခငွေ အပြည့်အဝပြန်အမ်းပေးခြင်းနှင့် တစ်ကြိမ်အခမဲ့ ခရီးစဉ်လမ်းကြောင်း ပြောင်းလဲပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ) ရွှေမန်း**



## မိဘမဲ့ကလေးများစောင့်ရှောက်ရေးပရဟိတဂေဟာကျောင်းသို့ အာဟာရကျွေးမွေး

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကြည်ကုန်း၊ ရဲဘော်ကွက်သစ်ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြုပြည်လုံးချမ်းသာတိုင်းရင်းသားမိဘမဲ့ကလေးများ စောင့်ရှောက်ရေး ပရဟိတဂေဟာကျောင်းတိုက်ရှိ လူမျိုးစုံတိုင်းရင်းသားမိဘမဲ့ကလေးငယ်များအား အလှူရှင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ ဦးသောင်းငြိမ်း+ဒေါ်မိုးမိုးခိုင်၊ (သမီး)မသိမ့်ရတီစိုး၏ ၁၈ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ် အလှူအဖြစ် ယမန်နေ့က နေ့လယ်စာ အာဟာရထမင်း၊ ဟင်းများဖြင့်လည်းကောင်း၊ ကျွဲဆည်ကန်ရပ်နေ ကိုကိုခိုင်+မခိုင်ဇာသွယ်(သား)ဖိုးရင် ရက် ၁၀၀ ပြည့်မွေးနေ့ (မိုးသောက်ကြယ်အင်ဂျင်ပိုင်ရောင်းဝယ်ရေး)မိသားစုက ရေခဲမုန့်များဖြင့်လည်းကောင်း အသီးသီးကျွေးမွေး လှူဒါန်းကြရာ ကျောင်းတိုက်ဦးစီးပဓာနနာယက သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တသုမင်္ဂလ(မဟာစရိယ B.A) ဆရာတော်က လှူဒါန်းမှုများအတွက် ရေစက်ချတရားဟောကြားချီးမြှင့်ကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းတိုက်ရှိ မိဘမဲ့ကလေးငယ် စုစုပေါင်း ၂၀၀ ကျော်တို့အတွက် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အခြားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလှူရှင်များလိုအပ်လျက်ရှိရာ လှူဒါန်းလိုသူအလှူရှင်များအနေဖြင့် ကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဥ်-၁)**

*- *- *- *- *- *- *

### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈ (ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ) လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး။
ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။

## ကွမ်းစိုက်ပျိုးခြင်းဖြင့် တစ်နှစ်လျှင် ငွေကျပ် သိန်း ၅၀ ခန့် အမြတ်ရရှိ

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ရာသီအလိုက် သီးနှံမျိုးစုံ စိုက်ပျိုးကြရာ ဈေးကွက်ဝယ်လိုအားရှိသည့် ကွမ်းရွက်သီးနှံကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပြီး လက်ရှိတွင် ကွမ်းစိုက်ပျိုးဧက ၄၀၀ ခန့် ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် ကွမ်းနုဝါ၊ ကွမ်းစိမ်းနှင့် ကွမ်းကြွပ်မျိုးများ စိုက်ပျိုးကြပြီး ကွမ်းနုဝါမျိုးကို အများဆုံး စိုက်ပျိုးကြသည်။ တစ်ဧကစိုက်ပျိုးစရိတ်မှာ မျိုး၊ သွင်းအားစုနှင့် လုပ်သားခများ အပါအဝင် ငွေကျပ် သိန်း ၂၀ ခန့် ကုန်ကျသည်။

ကွမ်းကို စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် စတင်ခူးဆွတ်နိုင်ပြီး တစ်ဧကလျှင် တစ်ပတ်ကို ကွမ်းရွက် ၁၅ ပိဿာမှ ၂၀ ပိဿာအထိ ထွက်ရှိသည်။ ကွမ်းခြံ တစ်ခြံကို စနစ်တကျ ပြုစုစောင့်ရှောက်ပါက ငါးနှစ်မှ ခြောက်နှစ်အထိ ခူးဆွတ်ရောင်းချနိုင်သည်။

လက်ရှိတွင် ကွမ်းနုဝါအချော တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀၀၊ အလတ် ငွေကျပ် ၂၀၀၀၀ နှင့် အသေး ငွေကျပ် ၁၅၀၀၀ ခန့်ဖြင့် ရောင်းဝယ်လျက်ရှိပြီး ကွမ်းအရောတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ ခန့် ရရှိသည်။ ကွမ်းဈေးနှုန်းမှာ အတက်အကျရှိသော်လည်း ဈေးကောင်းရချိန်တွင် အကျိုးအမြတ်ပိုမိုရရှိနိုင်သည်။

ကျောက်ဆည်မြို့နယ်အတွင်း သံရွာ၊ ရှေ့သပြေသာရွာ၊ ရဲကြီးရွာနှင့် ရွာခိုင်ကြီးရွာများတွင် ကွမ်းကို အများဆုံး စိုက်ပျိုးကြပြီး တစ်နှစ်လျှင် စိုက်ပျိုးစရိတ်နုတ်ပြီး ငွေကျပ် သိန်း ၅၀ ခန့် အမြတ်ရရှိနိုင်သဖြင့် ကွမ်းစိုက်ပျိုးခြင်းသည် တောင်သူများအတွက် စီးပွားဖြစ်ဝင်ငွေတိုးပွားစေသည့် သီးနှံတစ်မျိုးဖြစ်ကြောင်း ကွမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဥ်-၈)**



# ‘သခွတ်ပန်းတို့ ပွင့်ရာမြေ’ မှာ ခဏတာ

လူမှုကွန်ရက်စာမျက်နှာပေါ်မှတစ်ဆင့် စာရေးသူထံသို့ ဖိတ်ကြားလာသော မက်ဆေ့လေး တစ်ခု လက်ခံရရှိခဲ့သည်။ စာရေးဆရာ စိုင်းမြတ်သူ ရွှေဘို(စာပေစေတမန်)မှ ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၆ ရက်တွင် ကျင်းပမည့် ‘သခွတ်ပန်းတို့ ပွင့်ရာမြေ’ စာအုပ်မိတ်ဆက်ပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါရန် ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။ မန္တလေးမြို့နန်းတော်ရှေ့ စာပေတင်းကုပ်၊ စာပေရေနွေးကြမ်းဝိုင်း၏ ပွဲကိုင်ရှင်ဖြစ်သူ ဆရာအောင်တင်ဝင်း (ငါ့သရောက်)ကလည်း စာပေတင်းကုပ်ဝိုင်းတော်သားအားလုံးကို စာအုပ်မိတ်ဆက်ပွဲသို့ တက်ရောက်ဂုဏ်ပြုချီးမြှင့်နိုင်ရန် ဖိတ်ကြားထားခဲ့သည်။ စာရေးသူနှင့် ဆရာစိုင်းမြတ်သူတို့က စာပေတင်းကုပ်တွင် ဆုံနေကြ မိတ်ဆွေရင်းများ ဖြစ်ကြပြီး သူရေးသားသော ကျေးလက်ရနံ့ သင်းပျံ့နေသည့် ရသဝတ္ထုတိုများကိုလည်း စိတ်ဝင်တစား ရှိနေခဲ့သည်။ စာအုပ်အမည် ‘သခွတ်ပန်းတို့ ပွင့်ရာမြေ’ဟူ၍ စိတ်ဝင်စားဖွယ်ဖြစ်နေသည်ကပင် ဂုဏ်ပြုမိတ်ဆက်ပွဲ တက်ရောက်ဖို့ အကြောင်း ဖြစ်ခဲ့ပေသည်။

စာအုပ်အမည်ကို ဖတ်မိရင်းကပင် စာရေးသူတို့ အလယ်တန်းကျောင်းသားဘဝ မြန်မာစာ သင်ရိုးတွင် သင်ကြားခဲ့ရသော ဆရာကြီးဇေယျ၏ ရှေ့သို့ ဝတ္ထုတိုများတွင် ပါဝင်သည့် ‘သခွတ်ပွင့်ချိန်’ ဝတ္ထုတိုလေးကို စိတ်တွင်ပြန်လည်ခံစား မိခဲ့သည်။ ဝတ္ထုထဲက ဇာတ်ကောင်ဖြစ်သော ဘကြီးဖန်၏ အရွယ်နှင့်မလိုက်အောင် အလုပ်ကြိုးစားအားထုတ်မှုများကိုလည်းကောင်း၊ အားလပ်သည့်အချိန်များတွင် လက်ဖက်ရည်အဖန်အိုးနှင့် သခွတ်ပွင့်သုပ်ကို အရသာခံရင်း ရွာသားဖိုးချက်နှင့် စပါးအကြောင်း၊ နွားအကြောင်းသောင်းပြောင်းထွေလာပြောကြပုံများကို စာရေးသူ၏ စိတ်အစဉ်တွင် ပြန်လည်မြင်ယောင်ခံစားမိခဲ့သည်။ ယခုပင် ရာသီကာလနှင့် သခွတ်ပန်းတို့ပွင့်ချိန် တိုက်ဆိုင်နေသည် မဟုတ်ပါလား။ ဆရာစိုင်းမြတ်သူက ကိုယ်တိုင်ရေးသားဖြစ်သော ကျေးလက်ဝတ္ထုတိုများကို အချိန်မီ၊ အခါမီ ထုတ်ဝေခဲ့သည်ဟု ဆိုရပေမည်။

စာအုပ်မိတ်ဆက်ပွဲကျင်းပပုံသတင်းကို မန္တလေးနေ့စဉ်သတင်းစာတွင် ဖော်ပြမှတ်တမ်းပြုသည်ကို ဖတ်ရှုရ၏ ဝမ်းမြောက်မုဒိတာပွားခွင့်ရခဲ့သည်။ မိတ်ဆက်ပွဲကို မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ချမ်းမြသာစည်မြို့နယ် စာရေးဆရာအသင်းတို့ ဦးဆောင်ကာ လူထုအခြေပြု ဗဟိုဌာနခန်းမတွင် ကျင်းပခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက မုဒိတာစကားပြောကြားခဲ့သည်။ စာရေးဆရာအသင်း အတွင်းရေးမှူး ဆရာလွတ်လပ်ငြိမ်းနှင့် မြို့နယ်အသီးသီးမှ တက်ရောက်လာကြသော စာရေး ဆရာ၊ ဆရာမကြီးများက မုဒိတာစကား အသီးသီး ပြောကြားခဲ့ကြသည်။ မန္တလေးမြို့နယ်အသီးသီးမှ စာရေးဆရာ၊ ဆရာမကြီးများနှင့် အမရပူရ၊ ပုသိမ်ကြီး၊ မတ္တရာ၊ တံတားဦး၊ အင်းဝ တို့မှ စာရေးဆရာကြီးများ တက်ရောက်ဂုဏ်ပြုခဲ့ကြပေသည်။

‘သခွတ်ပန်းတို့ပွင့်ရာမြေ’ ကျေးလက်ဝတ္ထုတို စာအုပ်အား မန္တလေးမြို့ လင်းသန့်စာပေမှ ထုတ်ဝေခဲ့ပြီး အတွင်းအပြင်အဆင် မျိုးညီညီထွန်း၊ ပုံနှိပ်နှင့် စာအုပ်ချုပ် ဒေါ်မေသွယ်ခိုင်၊ လင်းသန့် အော့ဖ်ဆက်တို့၏ ဖန်တီးမှုပင်ဖြစ်သည်။ စာအုပ်တွင် ဆရာဘုန်းဇော်မိုး(ဉသသာ)၏စာဦးပန်း အဖွင့်လွှာ၊ ဆရာဦးခင်မောင်သန်း(ပျူ) ဒဿနပညာသမိုင်းသုတေသီ၏ အမှာစာ၊ ဆရာစိုင်းမြတ်သူ၏ ခွန်းဆင့်အမှာတို့ ပါဝင်သည်။ စာမျက်နှာ နှစ်ရာနီးပါးရှိ၍ ကျေးလက်ရနံ့သင်းပျံ့သော ကိုယ်တိုင်ခံစားမှု ဝတ္ထုတိုများစွာနှင့် အခြားသော ဘဝရသကို ပုံဖော်သော ဝတ္ထုတိုများ အပါအဝင် ဝတ္ထုတို ၂၃ ပုဒ် ပါဝင်ရေးဖွဲ့ထားသည်ကို ဖတ်ရှုရမည်ဖြစ်ပေသည်။

‘သခွတ်ပန်းတို့ပွင့်ရာမြေ’ကို ဖန်တီးသူ စာရေးဆရာစိုင်းမြတ်သူ(ရွှေဘို)မှာ လူငယ်တက်သစ်စ စာရေးဆရာတစ်ဦးဖြစ်ပြီး မန္တလေး၊ ချမ်းမြသာစည်မြို့နယ် စာရေးဆရာအသင်းဝင်တစ်ဦး ဖြစ်သည်။ ရွှေလရောင်(ပျူ)နှင့် ခေတ်ရေးလ်ဟူသော ကလောင်ခွဲအမည်များဖြင့်လည်း စာပေများရေးသားခြင်း၊ အသံဝတ္ထုဖတ်ပြတင်ဆက်ခြင်း၊ အသံစာအုပ်များတွင် လျှို့ဝှက်သဲဖိုဝတ္ထုများကို ရေးသားတင်ဆက်နေသူ ဖြစ်ပေသည်။ ရွှေဘိုတက္ကသိုလ်မှ မြန်မာစာအထူးပြုနှင့် ဝိဇ္ဇာဘွဲ့ရရှိခဲ့သူ ဖြစ်သည်။ ၂၀၁၉ ခုနှစ်၊ မတ်လထုတ် ခေတ်ပုံရိပ်ဂျာနယ်တွင် ‘လွမ်းဖွယ်တပေါင်း’ ကဗျာဖြင့် စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သူ ဖြစ်သည်။ ထို့နောက် ‘ချစ်သူရွှေနားတော်သွင်းလုံးချင်း ကဗျာ၊ ပင်လယ်မှာပြို့တဲ့မိုး(နာဂစ်)လုံးချင်း ဝတ္ထု’များကို ရေးသားထုတ်ဝေခဲ့သူဖြစ်သည်။




ယခုစာအုပ်မိတ်ဆက်ပွဲပြုလုပ်သော ‘သခွတ်ပန်းတို့ပွင့်ရာမြေ’ ဝတ္ထုတိုများသည်လည်း ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော တောရွာလူနေမှုဘဝများကို ထင်ထင်ရှားရှား ပေါ်လွင်အောင် ခံစားရေးဖွဲ့နိုင်ခဲ့သည်။ ‘သခွတ်ပန်းတို့ပွင့်ရာမြေ’တွင် ပျော်ရာမှာမနေရ တော်ရာမှာနေကြရသော ညီအစ်ကိုမောင်နှမမိသားစုများ အခြေတည်ခဲ့ရာ ဘူမိနက်သန်ရွာကလေးမှာ ပြန်လည်ဆုံတွေ့ရမည့် ထမင်းဝိုင်းလေးအကြောင်းကို တမ်းတဖွယ် ဖတ်ရှုခံစားနိုင်စေခဲ့သည်။ ထို့မှုမက ‘ဖျင်ကြမ်းစောင်လေး အရင်လို မနွေးတော့ဘူး’ ‘လွမ်းရပါသည် အမေ့ရွာကလေးဆီ’ စသည့် အလွမ်းခံစားမှုရသများကို အပြည့်အဝ ပေးစွမ်းနိုင်သည့် ဝတ္ထုဇာတ်ကြောင်းလေးများသည် စာဖတ်သူတို့အား ဆွဲဆောင်မှုအပြည့်အဝပေးနိုင်သည့် အကြောင်းအရာများပင် ဖြစ်ပေသည်။

လူငယ်စာရေးဆရာတစ်ဦးအဖြစ် သုတ၊ ရသ စုံလင်စွာ ရေးသားနိုင်စွမ်းရှိသူ ဆရာစိုင်းမြတ်သူအား မန္တလေး၊ မတ္တရာ၊ တံတားဦး၊ အင်းဝ အစရှိသည့် နယ်စည်းမခြား စာရေးဆရာ၊ ဆရာမကြီးများ၊ မန္တလေးနန်းတော်ရှေ့ စာပေတင်းကုပ် ရေနွေးကြမ်းဝိုင်းစာရေးဆရာများ၊ စာပေမိတ်ဆွေများ စုံညီစွာ တက်ရောက်အားပေးခဲ့ကြသည်။ ဆရာစိုင်းမြတ်သူကလည်း မိမိသည် ငယ်ရွယ်သူတစ်ဦးဖြစ်သည့်အားလျော်စွာ စာပေလောကအတွင်း လျှောက်လှမ်းရာတွင် အမှားအယွင်းများရှိပါက ပြုပြင်ဆုံးမပေးကြပါရန်နှင့် အားပေးချီးမြှင့်ကြသဖြင့် ဝမ်းမြောက်ပါကြောင်း ရင်တွင်းခံစားချက်များကို ပြောကြားသည်။ ကျေးလက်ကဗျာဆရာတစ်ဦးဖြစ်သူ ကိုရင် ထွန်းလွင်(သမန်းကန်)က ဆရာစိုင်းမြတ်သူ ရွှေဘို)အား ဂုဏ်ပြုသည့်အနေဖြင့် -

**‘စိုင်းမြတ်သူ ရွှေဘိုက**
**ရွှေလိုတမျှ ဝင်းဝါ**
**အသရေပိုစွ အဆင်းဖြာသည်**
**အချင်းမှာ စာပန်း**
**အသွေးလှလို့ မွှေးမြပါသည်**
**ရေးပြစာပန်းချီ လက်ဆင့်ဝေကမ်း**
**ရေးဖတ်တွက် အစဆုံးပါအတည်**
**တစ်ဘဝလုံးစာ ရည်မှန်း**
**အလှ အပြုံးမှာ ကြည်လန်းလို့**
**သည်စခန်းအောင်မြေ**
**ထုတ်ဝေကာ သရုပ်တွေပြ**
**အထုပ်ရွှေမ ရကြပါစေ**
**စာအလှနဲ့ အာဟာရပါမသွေ**
**အပါယသွေ ဘယာကင်းစေဖို့**
**စာသီချင်း လျှမ်းပကာနေ**
**ချမ်းမြပါစေ**
**စာပန်းတို့ ဖြာလန်းကာဝေ**
**လာနမ်းသဟာဆွေ ကြိုင်လို့လှိုင်လို့မွှေး’**

ဟူ၍ ဂုဏ်ပြုသီဆိုခဲ့သည်။

စာအုပ်မိတ်ဆက်ပွဲတွင် ဆရာစိုင်းမြတ်သူက ကိုယ်တိုင်ရေး ‘သခွတ်ပန်းတို့ပွင့်ရာမြေ’ စာအုပ်ကို လက်ဆောင်ပေး၍ စားသောက်ဖွယ်ရာများဖြင့် ပြည့်စုံစွာ ဧည့်ခံခဲ့ပေသည်။ ရသစာပေ ဟူသည် နှလုံးသားကို နူးညံ့စေသည်မှာ မှန်ကန်၍ ယနေ့ကျင်းပသော ‘သခွတ်ပန်းတို့ပွင့်ရာမြေ’ မိတ်ဆက်ပွဲတွင် စာရေးသူမိတ်ဆွေများ ဆုံစည်းခွင့်ရကြခြင်း၊ ရသစာပေပြည့်ဝသောစာအုပ် လက်ဆောင်ရရှိခြင်း အစရှိသည်များကြောင့် ဆရာစိုင်းမြတ်သူ၏ နှလုံးသားတွင် နောက်ထပ်ထိုထိုသော ရနံ့သင်းသည့် ရသအတွေးများ၊ အရေးအသားများကို စာအုပ်များအဖြစ်များစွာ ဖန်တီးနိုင်ပါစေကြောင်း ဂုဏ်ပြုရေးသားအပ်ပါသည်။

မြင့်သိန်း(ပညာရေး)

## Green Tricho ဇီဝမှိုသတ်ဆေးထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ



**ကျောက်ဆည် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန ဘက်စုံသုံးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက Green Tricho ဇီဝမှိုသတ်ဆေးထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲ ကျင်းပရာ ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမြတ်မင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ Mycology Lab မှ ညွှန်ကြားရေးမှူး (တာဝန်ခံ)ဒေါက်တာဝင်းမင်းသန်းက နေကြာမင်းစိုက်ပျိုးရေးကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာဦးသန်းထွန်းထံသို့ သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ရာ အထွေထွေမန်နေဂျာက သင်တန်းသား၊ သင်တန်းသူများကိုယ်စား ကျေးဇူးတင် စကားပြောကြားခဲ့သည်။

